# သခင့်စကား

The LORD's Word

ဝိညာဉ်ရေး ရာစာစောင်

ငါ့ကိုပယ်၍ ငါ့စကားကို နားမခံသောသူအား အပြစ်စီရင်သောသူ ရှိသေး၏ ငါ ဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ် စီရင်လိမ့်မည်။
ယော ၁၂း၄၈

အမှတ်စဉ် (၈၆) အောက်တိုဘာလ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

## နာဂစ် ကဗျာ( ၂) မင်းအောင်သက်လွင်





အို နာဂစ် ...သင် မချစ်လို့ အပြစ်တင်၊ တို့ရွာသားတွေ ပြုတ်ပြုတ်ပြုန်း ခဲ့ရလဲ
အို နာဂစ် ... သင် မုန်းလို့ အသုံးမဝင် ၊ တို့အိမ်ယာတွေ စုံးစုံးမြုပ် ခဲ့ရလဲ
တစ်ပင် လဲရင် နောက်တစ်ပင် ထူ ၊ တို့လူ၊ တို့အား၊ တို့ဦးနှောက်တွေနဲ့
နောက်တဖန် ရွာပြန်တည်၊ နောက်လူသစ်တွေ ပြန်မွေးမဟဲ့လို့
တို့ရဲ့ စိတ်ဓါတ်တွေကို မောင်းတင်ခဲ့ကြပြီ။ ဘုရားသခင်
စေလွှတ်တဲ့ စေတနာရှင် လူသားတွေကြောင့်
တို့ အနာကို သူတို့ဆေးကု ၊ တို့ အစာကို သူတို့ ပေးလှူ
တို့ကဗျာကို သူတို့ ကာရံထပ်၊ တို့ နေရာကို သူတို့
အမိုးအကာ တပ်ပေးခဲ့ကြပြီမို့၊ အို နာဂစ် ... မင်း မချစ်လို့
အပြစ်မြင်ရင်လဲ၊ မင်း ခြေအောက်မှာ ၊ တို့ ပြားပြားဝပ်
မခံတော့ဘူး။ ညာလက် ညောင်းရင် ဘယ်လက် ပြောင်းမယ်၊ ညာ မသန်ရင် ဘယ်နဲ့
လှန်မယ်။ ညာလက် ကျိုးရင် ၊ ဘယ်လက်နဲ့ ထိုးမယ် ။
အနာဂါတ်မှာ တို့တွေ ခြေလှမ်း မှန်မှန် လှမ်းနိုင်ဖို့ ဒီအချိန်မှာ တောင်ပံအသစ်နဲ့
ပုခုံးထက်က သားငယ် အတွက် ၊ အပြုံး မပျက်ဘဲ ငါးဝယ် ချက်နေတယ် တော်ရေ့ ။
(ဝန်ခံချက်။ အစည်းကြီး၊ အစည်းလေးရွာမှ နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော မိသားစု၏ ဘဝကို ခံစားရေးဖွဲ့ပါသည်)

---

## သက်ဆိုင်သူသို့ ( ဒီလှိုင်း )



မိဘမောင်ဘွား ရှေ့ရေးတွေးကာ လှမ်းထွက်ခဲ့ရ ကိုယ့်ဘဝမို့
မျက်စိကိုမှိတ် အံကို ကြိတ်ကာ ကြိုးစားလိုက်မည် စိတ်က ထင်၏။
တစ်အိမ်မကောင်း တစ်အိမ်ပြောင်းလဲ
ကောင်းကျိုးမမြင် အတူတူပင်မို့
တူညီစိတ်ဓါတ် ညစ်ပတ်စိတ်ထား လူ မဆန်အားသည့်
ထိုထိုအိမ်ရှင် တွေ့မြင်ရတော့ ရင်မှာ စစ်စစ် နာမိသည်။
နှိုးထစောစော လုပ်ရ ကျွန်သွင်
အိပ်ယာဝင်တော့ ညနက်သန်းခေါင်တိုင်လေပြီ
နားမလည်ရှယ် ဒီလူမမယ်က အော်ဟစ်ငိုကြွေး
ဆူပွက်သောည့် ပြောင်းဆန်ရင်ဖြင့် ကိုယ့်မှာ မအား၊ ချော့ရငြားအံ့
အလျှောက်ကောင်းလဲ အထောင်းမသက်သာ ပါးနှင့်နားပါ ပူပြန်ရပြီ။
ခိုင်းခြင်း ဇယ်ဆက် လက်အလုပ် မပြတ်ဘဲ ဆူဆဲ အော်ဟစ် မြဲမုန်ယစ်မို့
အိမ်ရှင့် ရုပ်ပြင် ဘီလူးသွင်သို့ လူများအလယ် ရွှင်ရွှင်ထိုင်ရင်း
ရွှန်းရွှန်းဝေအောင် သဘောကောင်းသူ လူကွယ်နောက်၌ သူ၏စိတ်ထား
ဖုံးကွယ် မရမို့ သံဝေဂ တရား ရင်မှာ ရလေပြီ။
ပေးသည့် လုပ်စာ မဝ ရေစာကို ပုံမှန်စင်စစ် ပေးမည်ထင်အံ့ ၊ စင်ကာပူ သူဌေးများ
ငါးပြားအစ စေးကပ်အဆုံး ခေါင်းပုံအလယ် ညစ်ပေါင်းအစ လုပ်ပြမှုဖြင့် ဝေးဝေးပြေးရှောင်
ကိုယ့်အိပ်ထောင်မှာ ပြောင်လေပြီ။ မည်းမှောင်မွေ့ယာ အိပ်ယာနန်း၌ မျက်အပ်ငိုကြွေး
ပူဆွေးခဲ့သည့် ထိုကာလကို ခေါင်းအုံးလေးသာ အသိဆုံးပါ။
မိုးထိ မျက်ရည် ရင်ဖွင့်သံကို သခင်ဘုရားအစဉ် ကြားကာ
တစ်ဖဝါးမခွာ အရိပ်ပမာ ၊ သင့်အနား သခင်အမြဲ ရှိနေတာမို့
ကျမ်းစကားလေး ရင်မှာ သိုဝှက်ထားကာ နေ့ရက်တိုင်း ရွှင်လန်းနေမည်။
( အိမ်အလုပ် လုပ်ကိုင်နေသော ညီမငယ် တစ်ဦး၏ သက်သေခံချက်ကို ပြန်လည်ခံစား ရေးဖွဲ့ပါသည်။ )

---

## မေးခွန်း .... (မင်းထွန်းသက်လွင် )



ချစ်တတ်တာ နှလုံးသားက ၊ မုန်းတတ်တာလဲ နှလုံးသားက
မကောင်းတာ နှလုံးသားက ၊ ကောင်းတာလဲ နှလုံးသားက
ခင်တွယ်တာ နှလုံးသားက ၊ ကြံစည်တာလဲ နှလုံးသားက
တစ်ခုတည်းနဲ့ အကုန်သုံး ၊ တစ်မျိုးတည်းနဲ့ အစုံသုံး
ကဲ မင်းရော ဘယ်နှစ်ခု သုံးပြီးပြီလဲ ။

---

## သက်သေခံချက် ရတနာ (မိုးကုတ်)

ရှေဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သခင့်စကား စာစောင်ကို သူငယ်ချင်း တစ်ယောက်ဆီက တဆင့် ဖတ်ခွင့်ရခဲ့ပါတယ်။ အင်္ဂလိပ် လို အသုံးများတဲ့ နိုင်ငံမှာ မြန်မာလို စာစောင်ထုတ်တဲ့သူတွေ ရှိနေပါလား ဆိုတာ သိရတော့ ပိုပြီးပျော်ရွှင်မိခဲ့တာ အမှန်ပါဘဲ။ သခင့်စကား စာစောင်လေး ဟာ ရတနာ တို့လို ဘုရားကျောင်း မတက်နိုင်သူတွေနဲ့ ဘုရားမေတ္တာကို နားမလည် သေးသူတွေအဖို့ အရမ်းကို ခွန်အားဖြစ်စေသော စာစောင်ဖြစ်ပါတယ်။ ရတနာ စင်ကာပူကို ၂၆–၅–၂၀၀၈ မှာရောက်လာခဲ့ပါတယ်။ အိမ်ရှင်က ဟောင်ကောင်ကို ခရီး ထွက်သွားတာနဲ့ ကြုံကြိုက်လို့ ပွဲစားအိမ်မှာ ၁၅ရက် လောက်ကြာ အောင် နေခဲ့ရတဲ့ အတွင်းမှာ အိမ်ရှင်တွေနဲ့ အဆင်မပြေလို့ ပွဲစားအိမ်မှာ ခနနေပြီး အလုပ် ပြောင်းဖို့ စောင့်နေကြတဲ့ သူတွေနဲ့ တွေ့ဆုံပြီး သူတို့ ပြောတဲ့ စင်ကာပူ အိမ်ရှင် တွေရဲ့အကြောင်းကို သိခဲ့ရပါတယ်။ အိမ်ရှင်တွေက အရမ်းဘဲ ခိုင်းစားကြ တယ်။ ထမင်း အဝ မကျွေးဘူး။ အိပ်ရေး မဝဘူး။ နေ့ည မအား၊ မနားမနေ အလုပ် လုပ်ခိုင်းတာတွေကို နားထောင်ပြီး ကြားသိလာရတော့ အရမ်းဘဲကြောက် မိပါတယ်။

အဲဒါနဲ့ ရတနာ လဲ တွေ့ရမဲ့ အိမ်ရှင်အတွက် ကြိုတင် ဆုတောင်း ထားပါတယ်။ အိမ်ရှင်တွေနဲ့ စကားပြော ဆက်ဆံတဲ့အခါမှာ အဆင်ပြေဖို့၊ အိမ်ရှင်တွေ စီးပွားရေး အဆင်ပြေဖို့၊ အိမ်ရှင်တွေရှေ့မှာ မျက်နှာသာ ရဖို့ ဘုရားသခင်ဆီမှာ ဆုတောင်း ဆက်ကပ်ခဲ့ပါတယ်။ တကယ် အံ့ဩဘွယ်ရာပါဘဲ။ ဘုရားသခင်က အိမ်ရှင်တွေနဲ့ အဆင်ပြေ စေခဲ့ပါတယ်။ ၇ လပိုင်း ရောက်တော့ သူတို့ တရုတ် လူမျိုး တွေရဲ့ ရိုးရာ ယုံကြည် မှုအရ နတ်တင်ပူဇော် ပသ ကြပါတယ်။ နတ်တင် ထားတဲ့အစာတွေကိုလဲ စားကြပါတယ်။ ရတနာ့ ကိုလဲ စားခိုင်းပါတယ်။ အဲဒီအချိန်မှာ ကိုယ်တော် ကယ်ပါအုံး ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ဒီလို နတ်တင် ပူဇော်ထားတာတွေကို မစားခဲ့ဖူးပါဘူး။ ငြင်းလိုက်ရင် အိမ်ရှင်တွေ အလိုမကျမှာ ကြောက်တာမို့ မပြောရဲပါဘူး။ နောက်ဆုံး ရတနာ အိမ်ရှင်တွေကို ပွင့်ပွင့်လင်းလင်းဘဲ ပြောလိုက်ပါတယ်။ ဘုရားသခင် မကြိုက်တဲ့ အတွက် ဒီလို နတ်တင် ပူဇော်ထားတာကို ကျွန်မ မစားနိုင်ပါဘူးလို့။ အိမ်ရှင်တွေ နားလည် ပေးခဲ့ပါတယ်။ အစက ဘာလို့မပြောတာလဲ၊ နင်စားလို့ ရအောင် နတ် မတင်ခင်မှာ ဖယ် ထားပေးမှာပေါ့တဲ့။ နောက်တော့ ကျွန်မ စားလို့ရအောင် နောက်ထပ် ဟင်း အသစ်သပ်သပ် ထပ်ချက်ပေးခဲ့ပါတယ်။ စင်ကာပူမှာ အဆင်ပြေစွာ စားသောက် လုပ်ကိုင်ခွင့် ရတဲ့အတွက် ဘုရားသခင်ရဲ့ နာမတော်ကို ချီးမွမ်းပါတယ်။ အရာရာ တိုင်းမှာ ဘုရား သခင် ရဲ့ ခွန်အားနဲ့ အသက်ရှင် လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုတောင်း ခွန်အားပေး ဝေမျှ လိုက်ပါတယ်။ ၁ပေ ၅း၇ ။ ရတနာ (မိုးကုတ်)

---

## သက်သေခံချက် ( EEM )



စာရေးသူ စင်ကာပူကို ပထမဦးဆုံးရောက်လာတဲ့ အဖြစ်အပျက်လေး ကို သက်သေခံချင်ပါတယ်။ တစ်ခါမှ မိဘဆွေမျိုးတွေနဲ့ ခွဲပြီးဝေးဝေး မသွားဖူးတဲ့ ကျွန်မဟာ ညီအစ်မ သုံးယောက်ထဲမှာ အကြီးဆုံးပါ။ ဘုရားရှင်ရဲ့ အလိုတော်ကြောင့် စင်ကာပူ နိုင်ငံမှာ အလုပ်လုပ်ခွင့် ရခဲ့ပါတယ်။ ည ဖြနာရီမှာ လေယာဉ် ဆိုက်ပါတယ်။ အတူတူ အလုပ်လုပ်ဖို့ လာတဲ့ သူငယ်ချင်း နှစ်ယောက်လဲ ပါတာမို့ ရင်ခုန် တာကလွဲပြီး အကြောက် အလန့် မရှိခဲ့ပါဘူး။ စင်ကာပူ လူဝင်မှုကြီးကြပ်ရေး အပေါက်ဝကို ရောက်မှဘဲ ရင်ထဲမှာ ထိတ်လန့်တုန်လှုပ်မှုနဲ့ ကြုံရပါတော့တယ်။ ရှေ့က သွားနှင့်တဲ့ သူငယ်ချင်း နှစ်ယောက် ကတော့ အခက်အခဲမရှိ အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်ခဲ့ပေမဲ့ ကျွန်မ အလှည့်မှာတော့ ဒုက္ခ ရောက်တော့တာပါဘဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ ကိုင်ထားတဲ့ နိုင်ငံကူး လက်မှတ်စာအုပ်မှာ ပြင်ထားတဲ့ အရာ တွေ့တယ်ဆိုပြီး အရစ်ခံရတာပါဘဲ။ စာတန် စုံစမ်း နှောက်ယှက်နေပြီဆိုတာ သိလိုက်ရတယ်။ ကျွန်မကို သွားခွင့် မပေးဘဲ ထိုင်ခုံမှာ ထိုင်ခိုင်းထားပြီး စာအုပ်ကို စစ်ဆေးကြပါတယ်။ မြန်မာပြည်ကို ချက်ခြင်း ပြန်ပို့ရင် ဒုက္ခဘဲဆိုပြီး အတွေးနဲ့ ကျွန်မ ယောက်ယက်ခတ်နေခဲ့ပါတယ်။

အဲဒီအချိန်မှာ ငါ့ကို ဘုရားမှတစ်ပါး ကယ်တင်နိုင်တဲ့လူ မရှိဘူး ဆိုပြီး ပဌနာတော်နဲ့ ဆာလံ ၂၃ကို အခေါက် ခေါက် အခါခါ ရွတ်နေမိပါတယ်။ စိတ်ထဲမှာလည်း အဖဘုရားသခင် သမီး ဒီနိုင်ငံမှာ အလုပ် လုပ်ဖို့ ဆုံးဖြတ်ပြီး လာခဲ့တာဟာ သမီးကိုယ်ကျိုး အတွက် မဟုတ်ပါဘူး။ မိဘကို ပြန်ပြီး လုပ်ကျွေးချင်တဲ့စိတ် တစ်ခုတည်းနဲ့ လာခဲ့တာပါ။ မိဘကို ပြန်လုပ်ကျွေးခွင့် ပေးမယ်ဆိုရင် အခု တွေ့ကြုံ နေရတဲ့ အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး စင်ကာပူမှာ ကောင်းမွန် စွာ အလုပ်လုပ်ကိုင်ခွင့်ကို ပေးတော်မူပါလို့ ဆုတောင်းနေမိပါတယ်။ ဆုတောင်းပြီး မကြာပါဘူး၊ ကျွန်မကို စာအုပ်ပြန်လာပေးပြီး မင်းသွားနိုင်ပြီလို့ ဝန်ထမ်းက လာ ပြောပါတယ်။ ကျွန်မ အရမ်းဝမ်းသာသွားပြီးတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း မိပါတယ်။ လူသားတွေ မတတ်နိုင်တဲ့ အရာမှန်သမျှကို ကျွန်မတို့ ယုံကြည် ကိုးကွယ်တဲ့ ဘုရားက တကယ်ဘဲ ဖေးမကူညီ တတ်စွမ်းနိုင်ကြောင်းကို လက်တွေ့ ခံစား မိလိုက်ရ ပါတယ်။ အခုဆိုရင် ကျေးဇူးတော် ကြောင့် အလုပ်လုပ်ခွင့် ရခဲ့တာ ၂နှစ် ပြည့်တော့မှာ ဖြစ်ပါတယ်။ မိဘကိုလဲ ကောင်းမွန်စွာ ထောက်ပံ့ နိုင်ပြီး ကျေးဇူး ပြန်ဆပ်ခွင့် ရခဲ့ပါတယ်။ ဒါ့ကြောင့် မိဘကို လုပ်ကျွေးချင်တဲ့ စိတ်ရှိတဲ့ သားသမီး အယောက်စီတိုင်းကို ဘုရားသခင်ဟာ အမြဲကောင်းကြီး ပေးပြီး အရာရာ တိုင်းမှာအောင်မြင်မှု ရှိတယ်ဆိုတာ သက်သေခံလိုက်ပါတယ်။ ။

ဖေက် ၆း၂–၃ ( EEM )

## သက်သေခံချက် Naw Ku Ma

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မဟာ သူများတွေလို ကျန်းမာရေး မပြည့်စုံ ပေမဲ့ စင်ကာပူမှာ လာပြီး နှစ်များစွာ အလုပ်လုပ်ခွင့် ရခဲ့ပြီး မိသားစုကို ငွေထောက်ပံ့နိုင်ခွင့် ရခဲ့သောကြောင့် ဘုရားသခင် ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ခံစားရတဲ့ ကောင်းကြီးတွေဟာ မရေတွက်နိုင်ပါဘူး။ လွန်ခဲ့တဲ့နှစ်တွေတုံးက သက်သေခံဖို့ အစီအစဉ် ရှိပေမဲ့ အဆင် မပြေခဲ့ပါဘူး။ ကျွန်မ စိတ်ထဲမှာ ကိုယ့်ဘာသာကိုယ် လူမသိ သူမသိ ချီးမွမ်းရင် ပြီးတာဘဲ လို့ ယူဆမိပါတယ်။ ကျမ်းစာထဲမှာ ကျေးဇူးချီးမွမ်းခြင်း ယဇ်ကို ပူဇော်သောသူဟာ ဘုရားသခင်ရဲ့ ဘုန်းတော်ကို ထင်ရှားစေတယ်လို့ ဖော်ပြထားတဲ့အတွက် အခုလို စာရေး သက်သေခံရခြင်းဖြစ်ပါတယ်။ ဘုရားသခင်ဟာ ကျွန်မတို့ လူသား အယောက်စီတိုင်းကို ချစ်တော်မူသော ဘုရားဖြစ်ပါတယ်။ စင်ကာပူ ရောက်ကာစက ပြဿနာအမျိုးမျိုးနဲ့ ရင်ဆိုင်ရပြီး ဝမ်းနည်းပူဆွေးရပါတယ်။ ကျွန်မ တစ်ရက်မှ မပျော်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ မိသားစု စားဝတ်နေရေးကြောင့် ကြိတ်မှိတ်သည်းခံပြီး စားဝတ်နေရေးကို ဖြေရှင်းနိုင်ခဲ့ပါတယ်။ အရင်တုံးက နေ့တိုင်းလိုလို စိုးရိမ်ပူပန်မှုတွေနဲ့ ဖြတ်ကျော် ခဲ့ပေမဲ့ အခုအချိန်မှာတော့ တည်ငြိမ် အေးချမ်းစွာနဲ့ ဖြတ်သန်းခွင့် ပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ စာဖတ်သူတို့လဲ ထာဝရဘုရားကို အားကိုး ခိုလှုံပြီး လုံ့လဝီရိယ ရှိစွာ အားမလျော့ဘဲ ကြိုးစား၍ အလုပ်အကိုင် အောင်မြင် အဆင်ပြေနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဖိလိပ္ပိ ၄း၆-၇ ။ စင်ကာပူရောက် ၈နှစ်ပြည့် အမှတ်တရ –**Naw Ku Ma**

---

## သက်သေခံချက် May

ဘုရားသခင်ဟာ ကျွန်မတို့ လူသားအယောက်စီတိုင်း အပေါ်မှာ အရမ်း ကောင်းမြတ်ပါတယ်။ ကျွန်မတို့ လိုအပ်ချက်တွေကိုလဲ အလိုတော်နဲ့ အညီ ပေးတဲ့ ဘုရားဖြစ်ပါတယ်။ ကျွန်မရဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ ကွယ်ကာ စောင့်မ လမ်းပြမှုကြောင့် အဆင်ပြေစွာဖြင့် အလုပ်လုပ်ကိုင်ခွင့် ရခဲ့ပါတယ်။ ဘုရားသခင်သာ မပါရင် ကျွန်မ ဘယ်လိုမှ ရပ်တည်လို့ ရမှာ မဟုတ်ပါဘူး၊ ဘုရားရှင်ကြောင့် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ကျွန်မရဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ ကူညီ မစခြင်းတွေကို မရေတွက်နိုင်သလို ပြဿနာတွေရဲ့ လွှမ်းမိုးချုပ်ကိုင်မှုကို ခံစားနေရပါတယ်။ ဘုရားသခင်ရဲ့ ကူညီမစခြင်းတွေကို ရေတွက်လိုက်မှသာ ပြဿနာတွေထဲက လွတ်မြောက်ခဲ့ပါတယ်။ ဘုရားရှင်ကို အကြီးမြတ်ဆုံးလို့ မြင်ထားရင် ကျန်တဲ့အရာတွေကို ဘာမှ မဟုတ်ပါလားလို့ ခံစား မိပါတယ်။ ၁ကော ၁၀း၁၃ (ဝန်ခံချက်။ ဘုရားရှင်ရဲ့ ကူညီမစမှုကိုရေတွက် ချီးမွမ်းရင်း စင်ကာပူ ရောက် ၂ နှစ်ပြည့် အမှတ်တရ )

---

## လက်ကမ်းကြိုလျက်ပါ *နန်း ရထိုက် (ကနခ)*

ကျွန်မရဲ့ လှပသော ဘဝကို မီးရှို့ခဲ့သော အရာကား ဟောင်းသော အတိတ်ဘဝဘဲဖြစ်ပါတယ်။ ဟောင်းသောအရာသည် အောက်မေ့စရာ မကောင်းလျှင် သံယောဇဉ်ထားရန် မလိုအပ်တော့ပါ။ ဆယ်ကျော်သက် အရွယ်ကစပြီး ကျွန်မရဲ့ ပုံစံတွေ အကျင့် စရိုက်တွေဟာ မိသားစုဆွေမျိုးတွေကို ထိခိုက်စေခဲ့ပါတယ်။ အကျင့်စာရိတ္တ ယိုယွင်းတဲ့ ဘဝပုံစံထဲကို ကျဆင်းခဲ့တယ်။ ကျွန်မ ကိုယ် ကျွန်မ အပြစ်ရှိတယ်ဆိုတဲ့ ခံစားချက်တွေ၊ ဘာမဆို ငါနဲ့ မထိုက်တန်ဘူးဆိုတဲ့ ခံစားချက်တွေ မကြာခဏ ဆိုသလိုဝင်လာပါတယ်။ ဒီအတွေးတွေဟာ ကျွန်မရဲ့ စိတ်ကို အနှောက်အယှက်ဖြစ်စေခဲ့ပါတယ်။ ကျွန်မ အရမ်း စိတ်ဓါတ် ကျခဲ့တဲ့အချိန်တွေ အများကြီးရှိခဲ့တယ်။ ဒါပေမယ့် အဲဒီ အပျက်သဘော ခံစားချက်တွေကို တိုက်ထုတ်နိုင်ဘို့ ဘုရားသခင်ရဲ့ နှုတ်မြွက် စကားတော် တွေဟာ ကျွန်မအတွက် အဖိုးမဖြတ်နိုင်တဲ့ အကူအညီအဖြစ် ရရှိခဲ့ပါတယ်။ ဟေရှာယ ၁–၁၈ နဲ့ ဆာလံ ၁၀၃း၈–၁၃ စတဲ့ကျမ်းချက်တွေကို အထပ်ထပ်အခါခါ ဆင်ခြင်သုံးသပ်မိတော့ အပြစ်ရှိတယ် ဆိုတဲ့ ခံစားချက် တွေကို လျော့နည်းအောင် အထောက်အကူ ပြုခဲ့တယ်။ ငါနဲ့ မထိုက်တန်ဘူး ဆိုတဲ့ ခံစားချက်ကို တိုက်လှန်တဲ့နေရာမှာ ဆုတောင်းခြင်း ဟာလည်း ကျွန်မကို ခွန်အား ဖြစ်စေခဲ့ပါတယ်။ မကြာခဏ ဆိုသလို ကျွန်မဟာ မျက်ရည်တွေ စီးကျရင်း ဘုရားသခင်ထံ ဆုတောင်းနေတာကို ကျွန်မကိုယ် ကျွန်မ သတိထားမိလာတယ်။ ၁ယော ၃း၁၉–၂၀မှာ မှတ်တမ်း တင်ထားတဲ့ ကျမ်းစကားတွေဟာ ကျွန်မကို ခွန်အားဖြစ်စေခဲ့တယ်။ ထိုသို့ ချစ်လျှင် ငါတို့သည် အမှန်တရားနှင့် စပ်ဆိုင်ကြောင်းကို သိကြရမည်။ ကိုယ်တော် ရှေ့မှောက်တွင် စိတ်ချစွာ နေနိုင်ကြမည်။ ကိုယ့်စိတ်နှလုံးသည် ကိုယ့်ကိုကိုယ် မည်သို့ပင် အပြစ်တင်ပါစေ၊ ဘုရားသခင်သည် ငါတို့၏ စိတ်နှလုံးထက် ကြီးမြတ်တော်မူသောကြောင့် အရာခပ်သိမ်းကို သိတော်မူ၏။ ကျိုးပဲ့ ကြေမွသောစိတ်နဲ့ ဆုတောင်းတဲ့အချိန်က စပြီး ကျွန်မကိုယ် ကျွန်မ အရင်က ထင်ခဲ့သလို ဒီလောက်ဆိုးသွမ်း တဲ့သူ မဟုတ်ဘူးဆိုတာ သိလာတယ်။ အတိတ်ဘဝက အမှုအကျင့်တွေကို ပြောင်းလဲလာတဲ့သူ အားလုံးကို ကိုယ်တော်က ဘယ်တော့မှ အထင် မသေးဘူးဆိုတာ သမ္မာ ကျမ်းစာက စိတ်ချစေတယ်။ ဆာလံ ၅၁း၁၇။ ကျွန်မကိုယ် ကျွန်မ သံသယ စိတ်တွေပေါ်လာတဲ့အတိုင်း ဖိ ၄း၈ မှာ ဖော်ပြထားတဲ့ ဘုရားသခင် အလိုရှိတဲ့ အတွေး။ အပြု သဘောရှိတဲ့ အတွေးတွေနဲ့ပြည့်ဖို့ ကြိုးစားတယ်။ ကျွန်မ စိတ်ထဲမှာ အပျက်သဘော ပေါ်လာရင် ကျမ်းချက်တွေနဲ့ ကိုယ့်ကိုကိုယ် ကောင်းရာကောင်းကြောင်း ဆင်ခြင်တယ်။ ဒီလို စိတ်ပိုင်းဆိုင်ရာကို သန့်စင်ရေး လုပ်ဆောင်မှုဟာ အိပ်မရတဲ့ ညတွေမှာ အထူးသဖြင့် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ ကျွန်မရဲ့ အားနည်းချက်တွေ၊ အကန့်အသတ် ဖြစ်မှုတွေကို နှိမ့်ချစွာ လက်ခံဖို့ တဖြည်းဖြည်းနဲ့ သင်ယူလာခဲ့တယ်။ ကျွန်မတို့ရဲ့ အသက်တာမှာ ဘယ်လောက်ဘဲ အပြစ်တရားတွေနဲ့ ရစ်ပတ် နေပါစေ အပျက်သဘောတွေ ဘယ်လောက်ဘဲ ဖုံးလွှမ်း နေပါစေ။ တကယ်ဘဲ ကျိုးပဲ့ကြေမွသော နောင်တစိတ်တွေနဲ့ ပြန်လာခဲ့မယ်ဆိုရင် ကောင်းကင်ပေါ်က သခင်က အမြဲ လက်ကမ်းကြိုနေမှာပါ။ အမှောင်ကို စွန့်ပြီး အလင်းတန်းသို့ ဝင်ရောက်နိုင်ကြပါစေ။ ***နန်း ရထိုက် (ကနခ)***

---

## သမားတော်ယေရှု-၂ *(မေလွန်)*

မောင်လေးဟာ နာဂစ်မုန်တိုင်းမကျခင် တစ်ပါတ်ကျော်ကျော်မှာ Nursing Home အလုပ်နဲ့ စင်္ကာပူကို ရောက်ရှိ လာပါတယ်။ မောင်လေးကို ကံကောင်းတယ်လို့ အများက ပြောဆိုကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် အလုပ်လျှောက်လွှာကို တင်တဲ့နေ့မှာပဲ သူ့အလုပ် ရသွားခဲ့ပါတယ်။ နောက် ပြီး စင်္ကာပူကို ရောက်လာတဲ့အထိ အရာအားလုံး အဆင်ပြေ ချောမွေ့ခဲ့ပါ တယ်။ ဒါပေမဲ့ ပထမအကြိမ် ဆေးစစ်တဲ့အခါမှာ ပြဿနာ စပေါ်တော့တာပါ ဘဲ။ သွေးချို လျော နေပြီး ဆီးထဲမှာ သကြားဓါတ်များ ပါနေတဲ့အတွက် ဆရာဝန်က ဆေး အောင်ခွင့် မပေးနိုင်ဘူးလို့ ပြောပါတယ်။ သူ့ဆီမှာ အခြား ရောဂါတွေ ရှိနေမှာကိုလည်း စိုးရိမ်တယ်လို့ ပြောပါတယ်။ သူ့ရဲ့ ဆီးနဲ့ သွေးချိုဟာ တက်လိုက် ကျလိုက်နဲ့ ဖြစ်နေပါတယ်။ သွေးထဲမှာ သကြားဓါတ် လျော့နေတဲ့အတွက် အားနည်းပြီး မူးမိုက်သွားမှာကို သူဌေးက စိုးရိမ်ပါတယ်။ လူနာတွေကို သယ်မ တဲ့အခါ ပြုတ်ကျသွားမှာ စိုးရိမ်တယ်လို့ ပြောပါတယ်။

ရောဂါ ရှိနေတယ်လို့ ဆရာဝန်က ပြောပေမဲ့ မောင်လေးဟာ သာမာန် လူကောင်း အတိုင်းပါဘဲ။ သူဌေးက ဧဂျင်းကို ခေါ်ပြောပါတယ်။ အကယ်၍ မောင်လေးကို အလုပ် ခန့်လိုက်လို့ အလုပ်ချိန်အတွင်း မောင်လေး နေထိုင်မကောင်း၊ ဆေးရုံတက်ရမယ်ဆိုရင် ဆေးဖိုးဝါးခနဲ့ အပြန် လေယာဉ်စရိတ်ဖိုးကို ကျွန်မတို့ ဘက်က စိုက်ပေးမယ်ဆိုရင် သူအလုပ်ခန့် မယ်။ နောက်ဆေးခန်းတစ်ခုမှာ ဆေးပြန် စစ်ပါတဲ့။ အဲဒီ ဆေးစစ်ခ ကိုလည်း ကျွန်မ တို့ကဘဲ ပြန်စိုက်ထုတ် ပေးရမယ်တဲ့ (တော်တော်လည်း အကြင်နာ ကင်းမဲ့တဲ့ သူဌေးပါလားနော်) ကျွန်မ မောင်လေးကို ရွာ မပြန် စေချင်ပါဘူး။ ရွာမှာ သူ ဘာမှလုပ်စားလို့ မတတ်ပါဘူး။ သူပြန်သွားရင်လည်း ဒုက္ခ ရောက်မှာ စိုးတယ် ပေးထားတဲ့ ဧဂျင်းခ တောင်ပြန်မရှာနိုင် သေးဘူးလေ။

နောက်ဆေးခန်း တစ်ခုမှာ သွားပြပေးမယ်လို့ ဧဂျင်းက ပြောပါ တယ်။ ကျွန်မလည်း ဆေးခန်း မပြခင် သူ့ရဲ့ Nursing Home အနားမှာရှိတဲ့ Holy Family ဘုရားကျောင်းကို ခေါ်သွားပြီး ဘုရား သခင် ဆီမှာ သူ့ကို အပ်နှံပြီး ဆုတောင်း ပေးပါတယ်။ ကျွန်မရဲ့ ဘဝမှာ ဘုရား သခင်ရဲ့ ကူညီမစမှု များစွာ ခံစားခဲ့ရဖူးတာမို့ ယုံကြည်ခြင်း အပြည့်အဝ ရှိတယ်။ ကိုယ်တော် မတတ်နိုင်တာ ဘာမှမရှိဘူးလေ။ ကျွန်မ သခင့်စကား စာစောင်မှာ အရင်ဦးဆုံး (၂၀၀၁ ခုနှစ်ခန့်က) စာ စရေးတဲ့ ခေါင်းစဉ်က "သမားတော် ယေရှု" ဆိုတဲ့ ခေါင်းစဉ်နဲ့ပါ။ ကျွန်မအတွက် သမားတော် ဖြစ်ခဲ့တဲ့ ကိုယ်တော်ဟာ မောင်လေး အပါအဝင် အားလုံးအတွက် သမားတော်လည်း ဖြစ်ပါတယ်။ နောက် နှစ်ရက်နေတော့ မောင်လေး ဆေးပြန်စစ် ပါတယ်။ ဒီ တစ်ချိန်မှာတော့ ကိုယ်တော့် အလိုတော်ကြောင့် ဆေးအောင်ခွင့် ရရှိခဲ့ပါတယ်။ ဆေးကျရင် ပြန်ရမယ်ဆိုတဲ့ အတွေးနဲ့ အားငယ်ကြောက်ရွံ့နေတဲ့ မောင်လေး လည်း ပြန်လည် ပျော်ရွှင်လာခဲ့ပါတယ်။ ကျွန်မ ကိုယ်တော့်ကို ကတိ ပေးခဲ့တယ်။ အကယ်၍ မောင်လေးသာ ဆေးအောင်ခဲ့ရင် ကိုယ်တော်ရဲ့ ဂုဏ် ကျေးဇူးတော်ကို သခင့်စကား စာစောင်ကနေ သက်သေခံပါ့မယ်လို့။ အခုတော့ ကိုယ်တော်ရဲ့ ဘုန်းဂုဏ်တော်ကို ချီးမွမ်းပါတယ်။ ဟာလေလုယာ။ ကျွန်မက မောင်လေး လို့ခေါ်တဲ့ မောင်လေးဟာ တကယ်တော့ ယုံကြည်သူ တစ်ဦး မဟုတ်ပါဘူး။ အခြားသော ဘာသာဝင်တစ်ဦး ဖြစ်ပါတယ်။ ကျွန်မ ညီမလေးရဲ့ ချစ်သူ ဖြစ်တဲ့အတွက် ကျွန်မ သူ့ကို မောင်လေးလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာတော်ရှင် ဖြစ်ပါတယ်။ ယုံကြည်သူ ရဲ့ ဆုတောင်းသံကို မယုံကြည်သူတွေ အတွက်ပါ နားညောင်း ကျေးဇူးတော် ပေးခဲ့ပါ တယ်။ ဒါ့ကြောင့် ကျွန်မတို့ ယုံကြည်သူတွေဟာ ကျွန်မတို့အနားမှာရှိ နေတဲ့ မယုံ

မညီတဲ့ ထမ်းပိုး ထမ်းရင် အားကြီးတဲ့ တိရစ္ဆာန်မှာလည်း ဝန်ပိုဆွဲရပါတယ်။ယုံကြည်ခြင်းတူမှ သာလျှင် စည်းလုံးတဲ့ အိမ်ထောင်ဖြစ်နိုင်ပြီး – – –

ကြည်သူတွေအတွက်ပါ မေတ္တာထားပြီး ဆုတောင်း ပေးသွားကြ မယ် ဆိုရင် သူတို့လည်း ဘုရားသခင်ရဲ့ ဘုန်းဂုဏ်တော်ကို တဖြည်းဖြည်း သိရှိ ခံစားလာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးအတွက် ဆုတောင်း ပေးကြရအောင်။ ။*(မေလွန်)*

---

## ဥယျာဉ်မှူးကြီးကိုယ်တော် ( MMA )

ဘုရားသခင်ဟာ ကျွန်မရဲ့ အသက်တာကို အမြဲတမ်း ရှေ့ဆောင် လမ်းပြပေးနေတဲ့ မီးပြတိုက်ကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်မက လိုချင်တဲ့ အရာ တွေကို ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းချက်တွေဟာ သူ့အချိန်နဲ့သူ တစ်ခုပြီး တစ်ခု ပြည့်စုံ လာခဲ့ပါတယ်။ ကျွန်မတို့ လူသားတစ်ယောက်စီတိုင်းဟာ မတော်တဆ လူ ဖြစ်လာတာ မဟုတ်ပါဘူး။ ဘုရားသခင်က သူ့ရဲ့ အကြံအစည် တော်မှာ အသုံးပြုဖို့ အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ ဖန်ဆင်းထားတာဖြစ်ပါတယ်။ (ယော ၉း၁၇–၂၃) ကျမ်းပိုဒ်ထဲမှာ တပည့်တော်တွေက မျက်စိကန်းတဲ့ လူတစ်ယောက်ကို မြင်တဲ့ အခါမှာ အရှင်ဘုရားကို သူသည် အဘယ်သူ၏ အပြစ်ကြောင့် မျက်စိကန်းသနည်း။ ကိုယ်အပြစ်ကြောင့် ကန်းသလော။ မိဘ အပြစ်ကြောင့် ကန်းသလောဟု မေးလျှောက်တဲ့အခါမှာ ကိုယ်တော်က ဘယ်သူ့အပြစ်ကြောင့်မှ မ ဟုတ်ဘူး။ ဘုရားသခင် အမှုတော်ကို သူ၌ ထင်ရှားစေမည့် အကြောင်း တည်း ဟု ပြန်လည်ဖြေကြားခဲ့ပါတယ်။ ကျွန်မတို့ဘဝမှာ စိတ်ပူပင်စရာ ဒုက္ခ အခက် အခဲ စုံစမ်းနှောင့်ယှက်ခြင်းတွေ ဘယ်လောက်ပဲရှိရှိ အရာအားလုံးဟာ ဘုရား သခင်ရဲ့ ဘုန်းတော်ထင်ရှားဖို့ဘဲ ဖြစ်တယ်ဆိုတာ အနည်းငယ် ခွန်အား ပေးချင်ပါတယ်။ ဒါပေမယ့် ကိုယ်တော်ဟာ ကျွန်မတို့ ခံနိုင်တဲ့ စုံစမ်း နှောင့်ယှက်ခြင်းကိုသာ ပေးတဲ့ ဘုရားဖြစ်ပြီး ငြိမ်သက်ခြင်းကိုလည်း ပေးထား ပါတယ်။ (ယော ၁၄း၂၇) ကျမ်းပိုဒ်ထဲမှာ ကိုယ်တော်က ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏ လို့ ပြောထားပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်မ ခွန်အားရတဲ့ တရားဟောချက်လေး တစ်ခု ကို ယုံကြည်သူ ညီအစ်ကိုမောင် နှမတွေဆီကို ပြန်လည် ဝေမျှချင်ပါ တယ်။ ကျွန်မ ခွန်အားရသလို ယုံကြည်သူညီအစ်ကို မောင်နှမတွေလည်း ခွန်အား ရမယ်လို့ ယုံကြည်ပါတယ်။ လုကာ ၁၃း၆–၉ အထိ ကျမ်းပိုဒ် လေးထဲမှာ လူတစ်ယောက်မှာ သူပိုင်ဆိုင်တဲ့ ဥယျာဉ်ခြံကြီး ထဲက သင်္ဘော သဖန်းပင် တစ်ပင်ရှိပါတယ်။ အဲဒီဥယျာဉ်ရှင်က သင်္ဘောသ ဖန်းပင်ကို နှစ်တိုင်း လာပြီး အသီးရှာတယ်။ ဒါပေမယ့် သုံးနှစ်ပြည့်တဲ့အထိ အသီးသီး တာကို မတွေ့ရဘူး။ အဲဒါကြောင့် ဥယျာဉ်စောင့်ကို ခေါ်ပြီး ခုတ်ပစ်ခိုင်း ပါတယ်။ ဥယျာဉ်စောင့်က သူစိုက်ထားတဲ့ အပင်ဖြစ်တဲ့ အတွက် မခုတ် ပစ်ရက်ဘူး။ ဒါကြောင့် ဥယျာဉ်ရှင်ကို ယခုနှစ်ရှိပါစေဦး၊ အကျွန်ုပ်သည် အပင်နား ပတ်လည်ကို တူးဆွ၍ နောက်ချေးကို ဖို့ပါမည်။ အသီးသီး ကောင်း သီးပါလိမ့်မည်။ သို့မဟုတ်နောက်မှ ခုတ်ပစ်တော်မူပါ အသနားခံတောင်းပန် ခဲ့ပါတယ်။

အဲ့ဒီ ဥပမာလေးထဲက အတိုင်းလိုပဲ ဥယျာဉ်ရှင်ဖြစ်တဲ့ ဘုရားသခင် က သူ ဖန်ဆင်း ထားတဲ့လူသား အယောက်စီတိုင်းကို အမြဲတမ်းဂရုတစိုက်နဲ့ စောင့်ကြည့် နေတဲ့ ဘုရားဖြစ်ပါတယ်။ ဥယျာဉ်စောင့်ဖြစ်တဲ့ ကိုယ်တော် ကလည်း ကျွန်မတို့ အသက်တာမှာ ဘုရားသခင်အတွက် ကောင်းသော အသီး သီးလာဖို့အတွက် စိတ်ရှည် စွာနဲ့ ဖွဲ့မလျှော့ဘဲ လမ်းပြ ပြုပြင်ထိန်းသိမ်းပြီး ဘုရားသခင်ထံမှာ ကျွန်မတို့ အပြစ်တွေအတွက် အမြဲတမ်း အသနားခံ တောင်းလျှောက် ပေးနေခဲ့ပါတယ်။ သင်္ဘော သဖန်းပင်မှာလည်း သူ့ရဲ့ စွမ်းရည်ဂုဏ် သတ္တိတွေ အများကြီးရှိပါတယ်။ သင်္ဘော သဖန်းပင်နဲ့ တူတဲ့ ကျွန်မတို့ အယောက်စီတိုင်းမှာလည်း ကိုယ်တော် ပေးထားတဲ့ အစွမ်း သတ္တိတွေ အများကြီးရှိပါတယ်။ အဲ့ဒီ အစွမ်းသတ္တိတွေကို အသုံးပြုပြီး ဘုရား သခင် အတွက် ကောင်းသောအသီး သီးနိုင်သောသူ အယောက်စီတိုင်း ဖြစ်စေ ပါလို့ အနည်းငယ်တိုက်တွန်းဝေမျှ လိုက်ပါတယ်။ အားလုံးကို ဘုရားရှင် ကောင်းကြီး ပေးပါစေ။ ။ ကျေးဇူးတော်၌ လေးစားစွာဖြင့် **MMA**

---

## မညီသောထမ်းပိုး Mary ဖျာပုံ

သခင့်စကား စာစောင်ကို လစဉ် ဖတ်ရှုခွင့် မရသော်လည်း တစ်လ တစ်ခါ စာမူလေး ရေးပို့ချင်တဲ့ စိတ်က အရမ်းကို ပြင်းပြနေပါတယ်။ အကြောင်းအရာ တိုက်ဆိုင်မှုလေးတွေ ရှိနေခြင်းကြောင့်သာ ဆက်လက် ရေးနိုင်ခြင်း ဖြစ်ပါတယ်။ မညီသောထမ်းပိုးကို မထမ်းမိခဲ့တဲ့ ကျွန်မအတွက် မညီသောထမ်းပိုး ထမ်းနေသော စင်္ကာပူက အလုပ်ရှင် အဘိုးနှင့် အဘွားအိမ် မှာ ဘုရားရှင်ဟာ ကျွန်မကို အလုပ် လုပ်ခွင့် ပေးတဲ့အတွက် မညီသော ထမ်းပိုး ထမ်းခြင်းကို နားလည်ဖို့ တည့်တည့် မတ်မတ် ပြင်ဆင် ပေးတာဘဲလို့ ယူဆ မိပါတယ်။ လွန်ခဲ့သော ၈–နှစ်တုံးက မယုံကြည်သူ တစ်ယောက်နဲ့ "ချစ်သူ" ဖြစ်ခဲ့ကြပါတယ်။ မယုံကြည်သူ ချစ်သူမို့ သူက ဘာ ကာဆီးချက်မှ မကြည့် ပါနဲ့လို့ ပြောပေမဲ့ ကျွန်မ ဘက်က မကျော်လွှား နိုင်တဲ့ အကြီးမားဆုံး ယုံကြည်ခြင်း တံတိုင်းကြီးက ကာဆီးနေပါတယ်။ လူတိုင်းဟာ နှလုံးသားနဲ့ ဦးနှောက် တစ်ထပ် တည်းကျနေပေမဲ့ ကျွန်မ ကတော့ ဦးနှောက်နဲ့ နှလုံးသားဟာ အမြဲတိုက်ပွဲဆင်ပြီး နှလုံးသားက အရှုံးမှာ ပြပါတယ်။ ဒါကြောင့်မို့လည်း ချစ်၍ စွန့်သွားတဲ့ ချစ်သူကို စွန့်၍ ချစ်နေမိတာပါ။

စင်ကာပူ စရောက်တဲ့ ညမှာ ချစ်သူကို သတိရလို့ ကျွန်မရဲ့တူမကို I miss ---- လို့ SMS ပို့လိုက်ပါတယ်။ Valentine's day မနက်မှာ စင်္ကာပူမှာ စတင် သိရတဲ့ ပွဲစားအိမ်မှ အစ်မဟာ Lwan dal now chit tal naw 'Happy Velenitine'naw ha ha ha လို့ SMS ပို့ပါတယ်။ မထင်မှတ်တဲ့ အချိန်မှာ ဒီလိုမျိုး ဖတ်လိုက်ရတာ ကျွန်မအတွက် မဆန်းပါ ဘူး။ သူ့ကို ပြောပြခဲ့ဘူးတဲ့ မိသားစု အတွက်လာတာ ဖြစ်သလို ချစ်သူ အတွက် ခံစားချက်လေးလည်း နည်းနည်းပါတယ် လို့ ဆိုတာ သူသိထားလို့ ပါဘဲ။

တရားဟောရာကျမ်း ၂၂း၁၀ မှာ "နွားနှင့် မြည်းကို တွဲဘက်၍ လယ် မထွန်ရ" လို့ ဣသရေလ အမျိုးကို မိန့်မှာခဲ့ပါတယ်။ လယ်သမား တစ်ဦးဟာ သူ့ရဲ့ တိရစ္ဆာန်များကို ဒီလိုမျိုးအခက်အခဲပေးချင်မှာ မဟုတ်ပါ ဘူး။ ဒါပေမယ့် နွားနှစ်ကောင် မရှိဘူးဆိုရင် ရှိတဲ့ တိရစ္ဆာန်ဟာ အမှီလိုက်ဘို့ ရုံးကန် လှုပ်ရှား ရပြီး အားကြီးတဲ့ တိရစ္ဆာန်မှာလည်း ဝန်ပိုဆွဲရပါတယ်။ တမန်တော် ရှင်ပေါလုက မတူညီသော ပုံဥပမာကို သုံးပြီး သင်ခန်းစာ ပေးခဲ့ပါတယ်။ မယုံကြည်သောသူတို့နှင့် တွဲဖက်၍ ထမ်းပိုးကို တင်၍ မထမ်း ကြနှင့်။ တရားသော အမှုသည် မတရားသော အမှုကိုအဘယ်သို့ လက်ခံနိုင် မည်နည်း။ အလင်းသည် မှောင်မိုက်နှင့် အဘယ်သို့ ဆက်ဆံနိုင်မည်နည်း လို့ ကျမ်းစာ ဆိုပါတယ်။ ယုံကြည်ခြင်း မတူသော အိမ်ထောင်ဘက်ကို ရွေးချယ်လျှင် နှစ်ဦးစလုံးအတွက် စိတ်မချမ်းသာရပါ။ ယုံကြည်ခြင်းတူမှ သာလျှင် စည်းလုံးတဲ့ အိမ်ထောင်ဖြစ်နိုင်ပြီး သမ္မာလမ်းအတိုင်း အသက် ရှင်နိုင်ကြမှာ ဖြစ်ပါတယ်။ ယုံကြည်ချက်ခြင်း တူမှသာ ထမ်းပိုး ညီမှာဖြစ်ပါတယ်။ ကျွန်မဟာ ဘိုးဘွားစဉ်ဆက် ယုံကြည်သူ မိသားစုက ပေါက်ဖွား လာတဲ့ သူ တစ်ယောက်ပါ။ အစ်ကို အရင်း တစ်ယောက်ဟာ မယုံကြည်သူနဲ့ အိမ်ထောင် ကျပြီး မောင်နှမဝမ်းကွဲ နှစ်ယောက်လည်း မယုံကြည်သူနဲ့ အိမ်ထောင် ကျပါတယ်။ ကျွန်မကတော့ ဒီတောင်ကို ကျော်နိုင်ခဲ့လို့သာ ရဲရဲတင်းတင်း ပြောရဲတာပါ။ ကျွန်မ သူတို့နဲ့ အတူ မနေရလို့ သူတို့အကြောင်းတွေ ဂဃနဏ မသိရ ပေမဲ့ သိရသလောက် သူတို့တွေ အဆင်မပြေကြပါဘူး။ ယခု စင်ကာပူမှာ အတူနေရ တဲ့ အဘိုးနဲ့ အဘွားကျတော့ တစ်ခါတစ်လေ ကျွန်မ ထွက်ပြေးချင်စိတ် ပေါက်မိပါ တယ်။ ကျွန်မမှာ ခိုင်လုံတဲ့ ဝိညာဉ်ခွန်အားတွေသာ မရှိခဲ့ရင် ဒီလောက် ကြာကြာ အတူနေလို့ရမှာ မဟုတ်ပါဘူး။ စိတ်တိုပြီး ဒေါသအရမ်းကြီးတဲ့ အဘိုးကို နားလည် ခွင့်လွှတ်ပေးနိုင်သလို အဘွားကိုလည်း ခွင့်လွှတ် သည်းခံ ပြီး ရန်တု မဖြစ်ဘို့ အမြဲလိုရှင်းပြရပါတယ်။ ရောဂါ ဖိစီးမှုများကြောင့် သတိ မေ့တတ်လွန်းတဲ့ အဘွား ဟာ ကျွန်မ အားပေးစကား ပြောသမျှကို လက်ခံတာ လည်း ကျေးဇူးတော်ပါဘဲ။

သုတ္တံ ၁၉း၁၉ မှာ "ဒေါသအမျက်ကြီးသော သူသည် အပြစ်ဒဏ်ကို ခံရလိမ့်မည်" အဘိုးနဲ့အဘွားတို့ အဆင်မပြေကြတဲ့ အကြောင်းများစွာထဲမှ အနည်းငယ်လေး ပြောပြချင်ပါတယ်။ အဘိုးဟာ ရန်ဖြစ် စကားများကြပြီး ဒေါသ အရမ်းထွက်လာရင် အဘွားကို (စန်းကျင်းပင်း) လို့ပြောပါတယ်။ အရူး။ ဦးနှောက် မရှိဘူးလို့ အဓိပ္ပါယ် ပေါက်ပါတယ်။ အပြောခံရသူ အဘွားကတော့ ဘယ်လို ခံစားရသလဲ မသိဘူး။ ကျွန်မကတော့ ကြက်သီးထပြီး ဖေက် ၄း၃၁–၃၂ ကို စိတ်ထဲမှာ အမြဲရွတ်မိပါတယ်။ အဘွားဟာ စကားများ ရန်ဖြစ်ကြပြီးတိုင်း မကြာခင်ဘဲ ပြန် စ ခေါ်လေ့ ရှိပါတယ်။ အဘွားကကျွန်မကို ဖြေရှင်းချက်လေး တစ်ခုပေးတာ ကတော့ He is not a Christian တဲ့။ ယုံကြည်သူဖြစ်ဘို့ အကြိမ်ပေါင်း များစွာ သူပြောခဲ့တိုင်း ရန်ပွဲဆင်ရကြောင်းနဲ့ ဆရာသမား များကိုလည်း ဝိုင်းပြောခိုင်းကြောင်း ပြောပြပါတယ်။ သူတို့အိမ်ထောင်သက် အနှစ် လေးဆယ် ကျော်နေပါပြီ။ သားနဲ့ သမီးတွေကတော့ ယုံကြည်သူတွေ ဖြစ်လာ ပါတယ်။ အဘိုး ပြောင်းလဲဘို့ အဘွား အမှန် ဘဲ မျှော်လင့်နေပါတယ်။

၂နှစ်တာ ကာလမှာ အဘွားရဲ့ စိတ်ထိခိုက်မိတဲ့ အချိန်လေးကို ပြောပြရင်း နိဂုံးချုပ်ပါရစေ။ အဘွားရဲ့ အမေ အသက် ၉၃ နှစ်နဲ့ အဘွားရဲ့ အဖေ အသက် ၉၉နှစ် တို့ဟာ ၂၀၀၇ထဲမှာ ခေါ်တော်မူခြင်းခံခဲ့ရပါတယ်။ ဖေဖော်ဝါရီ ၁၆ မှာ အမေခေါ်တော် မူခြင်းခံရပြီး ဒီဇင်ဘာ ၃၀ မှာ အဖေဟာ ခေါ်တော်မူခြင်း ခံရပါတယ်။ မြေမှုန့်က လာ၍ မြေကြီးသို့ ပြန်ရမယ်လို့ ဆိုပေမဲ့ စင်္ကာပူမှာတော့ မြေနေရာ အခက်အခဲ ရှိတာကြောင့် ခန္ဓာကိုယ် ကိုပြာချပြီး အရိုးစုကို စုသိမ်းကာ သတ်မှတ် ထားတဲ့နေရာမှာ ထားကြတာ တွေ့ရပါတယ်။ (နောက်ပိုင်းမှာ စင်ကာပူဟာ လူသေ ပြာမှုန့်ကို ပင်လယ်ထဲ မျှောချရမဲ့ အခြေအနေကို ရောက် လာတော့မှာပါ။ သေချာ သိချင်ရင် စင်ကာပူနိုင်ငံက ၂၅–၀၈–၀၈ နေ့ထုတ် my paper သတင်းစာရဲ့ စာမျက်နှာ ၄ မှာပါတဲ့ More S'poreans request ash-scattering at sea ဆိုတဲ့ ဆောင်းပါးကို

**စေတနာနဲ့ လှူ မယ်ဆိုရင် အဦးသီးတင်၊ ဆယ်ဖို့တစ်ဖို့တင် မကဘဲ ကိုယ့်မှာရှိတာ၊ ကိုယ်ပိုင်တာ အကုန်လုံး ဘုရားကို လှူချင် ပေးချင်စိတ်တွေ တဖွားဖွား ပေါ်လာမှာပါ**

ဖတ်ကြည့်ပါ။ စီစဥ်သူ) ဖလက်မ ပတ်လည်လောက်ရှိတဲ့ နေရာလေးကို ဒေါ်လာတွေနဲ့ ပေးဝယ်ပြီး ဇနီးမောင်နှံ မိသားစုတွေ အစဥ်လိုက် ပြင်ဆင်ထားတာ သိရပါတယ်။ ၃.၁.၀၈ မှာ အဘွားရဲ့ အဖေ အရိုးစုကို ခင်ပွန်းသည်နားမှာ သွားထားကြပါတယ်။ လွန်ခဲ့တဲ့ ၁၅နှစ်က ခေါ်တော်မူခြင်းခံရတဲ့ အဘွားရဲ့ မောင် ဓါတ်ပုံနားမှာ သူ့ဇနီး အတွက် ဝယ်ထားပြီးသား နေရာ ကို တွေ့ရ ပါတယ်။ မထင်မှတ်ဘဲ အဖွားရဲ့ ယောင်းမဟာ အဘွားကို နေရာ ဝယ်ဘို့ ပြောပါတယ်။ အဲဒီအချိန်မှာ အဘွားဟာ တော်တော်လေး စိတ် ထိခိုက် သွားပုံရပြီး ငါ့ယောက်ျားက ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်မခံ ရသေးဘူးလို့ ပြန်ပြောကာ ငိုပါတယ်။ ဒါဟာ ကျွန်မ အတွက် ဘဝပေး သင်ခန်းစာလေးတစ်ခုပါလို့ မိတ်ဆွေများကို ကိုဝေ့လိုက် ပါတယ်။

ချစ်သော မိတ်ဆွေ၊ သင့်ဘဝ တစ်လျှောက်လုံး သာယာ ပျော်ရွှင်နိုင်ပြီး နောင် တမလွန်အတွက်လည်း စိတ်ချရအောင် မိမိ၏ အလှအပ ဉာဏ် ပညာ ဥစ္စာခနှ အစွမ်း သတ္တိတွေကို ရင်းနှီးပြီးတည်ဆောက်တဲ့ အိမ်ထောင်ထက် ဘုရားရှင် ပြင်ဆင်ပေးသော အိမ်ထောင် ဖြစ်အောင် တည်ထောင်ဖို့ ခွန်အားပေးလိုက်ပါတယ်။ ထိုမှသာ ပျော်ရွှင် အောင်မြင် နိုင်မှာဖြစ်ပါတယ်။ (ဆာလံ ၁၂၇း၁) **Mary ဖျာပုံ**

---

## သိချင်တာလေးမေးပါရစေ Ju Ku

**<u>(မေးခွန်း–JuKu)</u>** တကယ်ဆို ကျွန်မဟာ ငယ်ဘဝ ကတည်းက ချို့တဲ့ခဲ့တဲ့သူပါ။ ဆယ်တန်းလဲ မအောင်ပါဘူး။ ဘုရားသခင် အလိုရှိလို့သာ စင်ကာပူကို ရောက်လာပြီး လူအိုကြီးကို ကြည့်ရှု ရတဲ့သူပါ။ ကျွန်မ သိချင်တာလေး ရှိလို့ မေးပါရစေ။ အလှူငွေ ကိစ္စပါ။ ကျွန်မရဲ့ မြန်မာပြည်မှာရှိတဲ့ အသင်းတော်က သင်းအုပ်ဆရာက အဦးသီး အကြောင်းပြောပြီး အမြဲ အလှူငွေ ကောက်ခံပါတယ်။ ကျွန်မက Health care တစ်ယောက်ပါ။ Home care လိုက်တဲ့အခါမှာ တစ်ခါ တစ်လေ တစ်လ (သို့) နှစ်လ အလုပ်လုပ်ရပါတယ်။ အလုပ်အသစ် တစ်ခု ဝင်တိုင်း ကျွန်မရဲ့ သင်းအုပ်ဆရာက အဦးသီး အလှူငွေ လာကောက် ပါတယ်။ တကယ်လို့ အလုပ်သစ် တစ်ခုစီတိုင်းကို တစ်လသာ လုပ်ရပြီး အဦးသီး အလှူငွေသာ မှန်မှန်ပေး နေရရင် ကျွန်မတို့ မိသားစု ဘာနဲ့ သွားစား ရပါမလဲ။ တကယ်ဆို ကျွန်မက ကျေးလက်တောရွာ ကပါ။ ရန်ကုန်ကို အထင်ကြီးပြီး အသင်းတော်တစ်ခုမှာ နှစ်ခြင်း ခံမိကာမှ အလှူငွေ ချည်းဘဲ တောင်းခံ ထိနေပါတယ်။ ကျွန်မဟာ မိခင် မုဆိုးမကြီးနဲ့ မောင်လေးကို လုပ်ကျွေး ပြုစုနေရတဲ့ လက်လုပ်လက်စား တစ်ယောက်ပါ။ အဦးသီး အလှူငွေ ပေးမယ်လို့ ပြောပြီး မပေးဖြစ်ရင် ဘုရားကို သစ္စာ ပျက်တယ်ဆိုပြီး ပြစ်ဒဏ် ထိတယ်ဆိုတာ ဟုတ်ပါသလား။ ကျွန်မက ပေးမယ်ဆိုပြီး ဆရာ့ကို ကတိပေးထားပေမဲ့ မပေးဖြစ်ခဲ့ပါဘူး။ မိခင်ကြီးကလဲ သဘော မတူတော့ မပေးဖြစ်ခဲ့ဘူး။ ကျွန်မ ဘယ်လို လုပ်သင့်သလဲ။ ဘုရားသခင်က ကျွန်မတို့ကို တကယ်ဘဲ ပြစ်ဒဏ်ပေးမှာလား။ ကျွန်မတို့ မိသားစုက အရမ်း ဆင်းရဲပါတယ်။ စင်ကာပူမှာ အလုပ် လာလုပ်ရဖို့ ပွဲစားကို ၇လစာ အကြွေးဆပ်ရပါတယ်။ အခု ကျွန်မ အလုပ်လုပ်တာ ၁၁လထဲ ဝင်နေပါပြီ။ ကျေးဇူးပြုပြီး အဦးသီး အကြောင်း ရေးပေးပါ။ ကျွန်မတို့လို ကျမ်းစာ မကျေတဲ့ သူတွေအတွက် ဗဟုသုတ ရအောင်လို့ပါ။ ကျွန်မတို့ ရွာက ဆရာဟာ ဆယ်ဖို့တစ်ဖို့ နဲ့တင် အားမရဘူးဘဲ အသင်းသားတွေရဲ့ တစ်လလုံး လုပ်အားခကိုပါ လိုချင်နေပုံ ပေါက်နေပါတယ်။ ကျွန်မကတော့ ပေးချင်ပေမဲ့ မိခင်ကြီးရဲ့ မျက်ရည်ကျခြင်းကို မကြည့်ရက်နိုင်လို့ မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘုရားသခင် တောင်းတဲ့ ဆယ်ဖို့တစ်ဖို့ကို ပေးဖို့တော့ မိခင်ကြီးက သဘောတူ ကြည်ဖြူပါတယ်။ ဆယ်ဖို့ တစ်ဖို့ကိုလဲ ကျွန်မ မှန်မှန်ပေးပါတယ်။ ဒါပေမဲ့ အခုလို တစ်လတစ်ခါ အလုပ်အသစ် ပြောင်းပြီး လခစား နေရတဲ့ ကျွန်မ အတွက် ရတဲ့ အဦးသီးတိုင်းကို ပေးရမယ်ဆိုရင်တော့ ထမင်းငတ် ဖို့ဘဲ ရှိတော့မှာပေါ့။(ကျွန်မ စင်ကာပူကို လာခါနီးမှာ အမေက သူ့သား (ကျွန်မ မောင်လေး)ကို ဆုံးမလိုက်ပုံက သားသားရယ် ကျမ်းစာကျောင်း တက်ပြီးရင် အဲဒီ ဆရာလိုဘဲ အဦးသီး လိုက်တောင်းပါလို့ ဒေါသနဲ့ ပြောလိုက်ပါတယ်။ အခုတော့ အမေ့သား(မောင်လေး) ကျမ်းစာကျောင်း ပြီးခါနီးပါပြီ။) **Ju Ku.**

***<u>(အဖြေ – မင်းအောင်သက်လွင်)</u>*** **ဒီမေးခွန်းနဲ့ စာလေးတစ်စောင် ကျွန်တော့်ဆီ ရောက်နေတာ တော်တော် ကြာနေပါပြီ။ သခင့်စကားစာစောင်ထဲမှာ မဖော်ပြ ဖြစ်ခဲ့သလို စာမေးသူ JuKu ဆီလဲ စာမပြန်ဖြစ်ခဲ့ပါဘူး။ ဒီမေးခွန်းကို ဖြေလဲ ဖြေချင်သလို၊ မဖြေလဲ မဖြေချင်ပါဘူး။ ဖြေချင် ရခြင်း အကြောင်းကတော့ ဒီမေးခွန်းဟာ ကျွန်တော်တို့ ယုံကြည်သူတွေရဲ့ လက်တွေ့ ဘဝနဲ့ ကိုက်ညီနေတဲ့ အတွက် ဖြစ်ပါတယ်။ မဖြေချင်တာကတော့ အမှုတော်ဆောင်တွေကို ထိခိုက်မှာ စိုးတာကြောင့်ပါ။ တကယ်ဆိုရင် ဒီမေးခွန်းနဲ့ အဖြေကို သခင့်စကားမှာ လူသိရှင် ကြား မဖော်ပြဘဲ ကာယကံရှင် JuKu ဆီ တိုက်ရိုက်ဖြေသင့်ပါတယ်။ ဒါပေမဲ့ ခက်တာက စာမေးသူ JuKu သူ့စာမူကိုတော့ ကျွန်တော့်ဆီ ရောက်အောင်ပို့ပြီး သူ့ရဲ့ လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကိုတော့ မဖော်ပြထားခဲ့ပါ ဘူး။ ဒါ့ကြောင့် သူ့ဆီ တိုက်ရိုက်ဆက်သွယ်ဖို့ ခက်နေပါတယ်။ JuKu ဆိုတာတောင် သူ့ရဲ့ နာမည် အရင်း မဟုတ်နိုင်တာကြောင့် သူဟာ ချောင်ကွယ်ရာကနေ ကျွန်တော့်ကို တိတ်တိတ်လေး လူမသိအောင် မေးလိုက်တာ ဖြစ်ပေမဲ့ ကျွန်တော်ကတော့ လူသိရှင်ကြား ဖြေရမှာမို့ တော်တော့်ကိုခက်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ကျွန်တော် ဒီမေးခွန်းကို ကျမ်းကိုး ကျမ်းကားနဲ့ ဖြေဖို့ ဆုံးဖြတ်ထားပါတယ်။**

**ကောင်းပါပြီ။ အခု JuKu မေးထားတဲ့ မေးခွန်းကို ဖြေပါတော့မယ်။ အဦးသီး ဆိုတာ ကိုယ့်လုပ်အားခရဲ့ ပထမဦးဆုံးရတဲ့ လခ၊ လုပ်ခငွေ ဖြစ်ပါတယ်။ ဘုရားသခင်က အဦးသီးကို လိုချင်ပါတယ်။ ရည်ရွယ်ချက်က ဘုရားကောင်းစားဖို့ မဟုတ်ပါ။ ပေးလှူတဲ့ မိတ်ဆွေကို ဘုရားက ကောင်းစားစေချင်လို့ ဖြစ်ပါတယ်။ သုတ္တံ၃း၉–၁၀ အဦးသီးသော အသီးအနှံ ရှိသမျှကို ထာဝရဘုရားအားပူဇော်လော့၊ သို့ပြုလျှင် သင်၏စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည်လျှံလိမ့်မည်။ ဆယ်ဖို့တစ်ဖို့ ဆိုတာကလဲ ဘုရားသခင်သုံးဖို့ ဆိုတာထက် မိတ်ဆွေ ကောင်းစား ဖို့ပါဘဲ။ မာလခိ ၃း၁၀။ ဒါ့ကြောင့် အလှူငွေတို့ ဆယ်ဖို့တစ်ဖို့တို့ အဦးသီးတို့ ဆိုတာ ဘုရား အတွက် ဆိုတာထက် လှူဒါန်းသူအတွက် ဖြစ်တယ်ဆိုတာ ဒီနေ့ ယုံကြည်သူတွေ သဘော မပေါက်သေးပါ။ ခက်တာက လှူတဲ့သူဟာ ဘုရားကို တိုက်ရိုက်ပေးလို့ မရတာဘဲ ဖြစ် ပါတယ်။ ကြားခံ အနေနဲ့ သင်းအုပ်ဆရာတို့၊ ယဇ်ပုရောဟိတ်တို့၊ ဧဝံဂေလိ ဆရာတို့၊ အသင်းတော်တို့ကို ပေးနေရတဲ့အတွက် ပြဿနာ ဖြစ်နေတာပါဘဲ။ သင်းအုပ်ဆရာ၊ ဧဝံဂေလိဆရာ၊ အသင်းတော်က သိပ်ကောင်းပြီး ကိုယ်နဲ့ အဆင်ပြေ နေရင် လှူလို့ သိပ်ကောင်းပါတယ်။ သင်းအုပ်ဆရာနဲ့ အသင်းတော်က ကိုယ့်မျက်စိထဲမှာ ပုံမမှန်ရင် မူမမှန်ရင် ကတောက်ကဆ ဖြစ်ကြရပါတယ်။ အလှူငွေ သုံးစွဲလှူဒါန်းတာ သစ္စာမရှိလို့ ဘာသာပြောင်းသွားတဲ့ ယုံကြည်သူ မိသားစုတွေ ရှိသလို အလှူငွေကြောင့်ဘဲ နာမည်ပျက် သွားတဲ့ အမှုတော်ဆောင်တွေ ရှိပါတယ်။**

**ဒီနေရာမှာ ကျမ်းစာတတ်တဲ့ သင်းအုပ်ဆရာတွေကို ကျွန်တော်က ဆရာကြီး လုပ်ပြီး မဝေ့ တော့ပါဘူး။ ကျမ်းစာ မကျေသေးလို့ပါ ဆိုတဲ့ JuKu နဲ့ စာဖတ်ပရိတ် အချို့ကို ရေးပြချင်တာကတော့ မိတ်ဆွေတို့ လှူမဲ့ငွေဟာ မျိုးစေ့ ဖြစ်ပါတယ်။ ကောင်းသော မျိုးစေ့ကို ကောင်းသောမြေပေါ်မှာ ကြဲချပြီး တိုးပွားအောင် လုပ်ဖို့က မိတ်ဆွေရဲ့ တာဝန်ဘဲ ဖြစ်ပါတယ်။ ကောင်းသောမြေ (ဘုရားသခင်ကို အမှန်တကယ် ဦးထိပ်ထား ဆက်ကပ်၍ သာသနာ ပြုသော သင်းအုပ်၊ အသင်းတော်၊ ဧဝံဂေလိအဖွဲ့) ကို မှန်ကန်စွာ ဆုတောင်း၍ ရွေးချယ်ရှာဖွေပေးလှူပါ။ မိတ်ဆွေရဲ့ မျိုးစေ့ ရှင်သန်ကြီးထွားလာမှာပါ။ မလှူခင် ဘယ်နေရာ၊ ဘယ်သူ့ကို လှူရမလဲ ဆိုတာ ဆုတောင်းပါ။ ဘုရားသခင် အမှန်တကယ် ဖွင့်ပြပါ လိမ့်မယ်။ JuKu က ကျမ်းမာရေးဝန်ထမ်း ဖြစ်တဲ့အတွက် ကျန်းမာရေး သင်တန်း ဆင်းပြီးပြီး ချင်းတုံးက အရင်ဦးဆုံး စရတဲ့ လခသာ အဦးသီး ဖြစ်ပါတယ်။ နောက်ပိုင်း အလုပ်ပြောင်းတိုင်း (အလုပ်ပြောင်းတာ မဟုတ်၊ နေရာသာ ပြောင်းတာဖြစ်ပါတယ်၊ အလုပ်က လူနာ ကြည့်ရတာဘဲ ဖြစ်တဲ့အတွက်) ရတဲ့ လခဟာ အဦးသီးလဲ မမည်တော့ပါဘူး။ နောက်ပိုင်းရတဲ့ လခတိုင်းကို လိပ်ပြာ သန့်သန့်၊ ဩတ္တပ္ပစိတ် ကြည်ကြည်လင်လင်နဲ့ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ပါတယ်။ ကျေးဇူးတော် ကာလမှာ ဘုရားသခင်က အဦးသီး မပေးလို့ အပြစ်ဒဏ် ပေးဖို့ အလို မရှိတော့ပါဘူး။ အလှူငွေ ပေးခြင်းအားဖြင့်ဘဲ ကောင်းကြီးမင်္ဂလာကို ပို၍ ရရှိ စေချင်ပါ တယ်။ နောက်ကို သူများခြိမ်းခြောက်တာ မခံရအောင် ကျမ်းစာ များများဖတ်ပါ။ ဆုတောင်း ဆက်ကပ်ပါ။ ဘုရားသခင်က အမှန်တကယ် လိုအပ်တဲ့ ကောင်းကြီးကို ချပေးမှာ ပါ။ (စာကြွင်း။ အလှူငွေ ပေးတယ်ဆိုတာ ဘုရားသခင်ကို ဆက်ကြေး ပေးတာ၊ အခွန် ဆောင်တာ မဟုတ်ပါ။ ဘုရားကျေးဇူးကို သိတတ်တဲ့ အနေနဲ့ ကျေးဇူး တုန့်ပြန် မေတ္တာပြ ခြင်းသာ ဖြစ်ပါတယ်။ ဖြူစင်သောစိတ်၊ ရန်တွေ့သောစိတ်၊ နှမြောသောစိတ်နဲ့ လှူနေရ တယ် ဆိုရင်တော့ အလှူခံတဲ့သူရော အလှူပေးတဲ့သူပါ တစ်ခုခု မှားနေပါတယ်။ အလှူခံ တဲ့ သူကလဲ အလှူပေးရမယ်ဆိုတဲ့ ကျမ်းချက်တွေကို ထောက်ပြ ခြိမ်းခြောက်ပြီး မ ကောက်ဖို့၊ လှူတဲ့ သူကလဲ တာဝန်ဝတ္တရားအရ၊ မလှူရင် အပြစ်ခံရမှာ ကြောက်လို့ လှူတာ မဟုတ်ဘဲ စေတနာနဲ့ လှူ မယ်ဆိုရင် အဦးသီးတင်၊ ဆယ်ဖို့တစ်ဖို့တင် မကဘဲ ကိုယ့်မှာရှိတာ၊ ကိုယ်ပိုင်တာ အကုန်လုံး ဘုရားကို လှူချင် ပေးချင်စိတ်တွေ တဖွားဖွား ပေါ်လာမှာပါ။ ပေးလှူခြင်းရဲ့ နောက်မှာ ကောင်းကြီး ပြန်ရမယ်ဆိုတဲ့ ဘုရား ကတိတော် ရှိပါတယ်။ ထီထိုးသလို ပြန်ရချင်လို့ ပေးလှူတာတော့ မဖြစ်ပါစေနဲ့။)**

---

## အံ့ဩဘွယ် သခင်ယေရှု (ထူး)

ကျွန်တော်သည် ဘုရားကျောင်းသို့ ပုံမှန်ဝတ်ပြုချိန်ထက် အချိန်အနည်း ငယ်ကျော် နောက်ကျကာ ရောက်သွားခဲ့သည်။ ကျွန်တော် ရောက်ရှိချိန်တွင် သမ္မာကျမ်းစာ အပြန်အလှန်ဖတ်ခြင်း ပြီးဆုံးသွားခဲ့သည်။ သို့ဖြစ်၍ ကျွန်တော့်ထက် အရင် စောရောက်နေသော ညီအစ်ကို ဝမ်းကွဲတော်သူကို တိုးတိုးတိတ်တိတ်ဖြင့် "ခုနက ပလ္လင်မြင့်ပေါ်မှာ အမျိုးသမီး တစ်ယောက်ဖတ်သွားတဲ့ ကျမ်းညွှန်းကို မှတ်မိသလား" ဟုမေးလိုက်ရာ သူက ခေါင်းခါပြသည်။ ဘုရားကျောင်းသို့ စောစီးစွာ ရောက်နေသော်လဲ ကျမ်းစာကို စိတ်မဝင်စား သော ညီအစ်ကို ဝမ်းကွဲကို စိတ်တိုမိသည်။ ထို့ပြင် ဝတ်ပြုနေချိန် တစ်လျှောက်လုံး သူ့မှာ စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာ ခံစားနေရကြောင်း ရိပ်စားမိသည်။ ဝတ်ပြု ဆုတောင်းချိန် ပြီးဆုံးသွားသောအခါ သူက မိမိအား သူ၏ **WP card** နှင့် ပိုက်ဆံ အိတ် **Taxi** ကားပေါ်တွင် မေ့ ကျန်ရစ်ခဲ့ကြောင်း စိတ်ပျက်စွာ ပြောခဲ့သည်။

ထို့ကြောင့် ဘုရားဝတ်ပြုနေချိန် တစ်လျှောက်လုံး သူ စိတ်ဖြောင့်ပုံ မရရခြင်း အကြောင်းကို အခုမှ ကျွန်တော်သဘောပေါက်မိသည်။ သို့ဖြစ်၍ အိမ်အပြန်လမ်းတစ်လျှောက်တွင် သူ့အား "ဘုရားသခင်ဆီမှာ ယုံယုံကြည်ကြည်နဲ့ ဆုတောင်းပါ။ ပျောက်သွားတဲ့ မင်းပစ္စည်းတွေ ပြန်ရမှာပါ" ဟု နှစ်သိမ့်အားပေး စကား ပြောခဲ့ပါသည်။ သူ သည်လည်း အိမ်ပြန်ရောက်သည့်အခါ ယုံယုံကြည်ကြည် နှင့် ဆုတောင်းခဲ့ပါသည်။ ကျွန်တော်လည်း ဘုရားကျောင်းမှ အိမ်ပြန်ရောက်ချိန်တွင် ညနက် နေပြီ ဖြစ်သည့် အတွက် အိပ်ရာမဝင်မီ တစ်ပါတ်စာအတွက် ခွန်အားယူ

စစ်မှန်သော ကိုးကွယ်ခြင်းဆိုသည်မှာ ဘုရားကျောင်းတွင်းထဲက လူအများရှေ့မှာ မျက်စိမှိတ် လက်မြှောက်ပြီး ချီးမွမ်းသီချင်းတွေဆိုနေတဲ့ အပြင်ပန်း ပုံစံထက် မိမိ စိတ်နှလုံးသား အတွင်းထဲက ဘုရားသခင်ကို ချစ်ခင်မြတ်နိုးခြင်း။ နှိမ့်ချစွာ ရိုသေလေးမြတ်ခြင်းနှင့် အကြွင်းမဲ့ နာခံခြင်းတို့ဖြစ်သည်။

ရန် ဘုရားကျောင်းတွင် ကြားနာခဲ့သော တရား ဒေသနာနှင့် ကျမ်းပိုဒ်များကို တစ်နာရီ ခန့်မျှ အချိန်ယူကာ စာအုပ်ထဲတွင် ရေးမှတ်ထားခဲ့သည်။ ထို့နောက် ဆုတောင်းကာ အိပ်ယာ ဝင်ခဲ့သည်။ အိပ်ပျော် ကာစမှာပင် တဘက်မှ ဖုန်းခေါ်သံကြောင့် လန့်နိုးလာပြီး ကောက်ကိုင်လိုက်ရာ နေ့လည်က ပိုက်ဆံအိတ် ပျောက်သွားသော ညီအစ်ကို ဝမ်းကွဲ ထံမှ ဖြစ်ကြောင်း သိရသည်။ "ညကြီးမင်းကြီး ဘာအရေးကြီးလို့ ဖုန်းဆက်တာလဲ" ဟု မေးလိုက်ရာ သူက ဝမ်းသာအားရဖြင့် ပျောက်သွားသော သူ့ပိုက်ဆံအိတ်နှင့် **WP card** အား ဇနီးမောင်နှံနှစ်ဦးက အိမ်တိုင် လာရောက် ပြန်လာပေးသဖြင့် ဘုရား သခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလိုခြင်း ဖြစ်ကြောင်း ဝမ်းသာအားရ ပြောပြပါ သည်။

ပျောက်သွားသော အရာ အား နေ့မကူးခင် ချက်ခြင်း ပြန်ရခဲ့သောကြောင့် နေ့စဉ် အသက်တာ ရှင်သန်ခြင်း တွေထဲမှာ ခေါ်ရင် ထူးတဲ့ ဘုရားသခင်ရဲ့ ကောင်း မြတ်ခြင်းအကြောင်းကို ရေးသားသက်သေခံလိုက်ပါတယ်။ ။ ***(ထူး)***

---

## ဖန်ဆင်းခြင်း *(အန်ဒရူး)*

ဖတ်ရန်ကျမ်းချက်များ။ ကမ္ဘာဦးကျမ်း၊ အခန်းကြီး၊ ၁ ။သော့ချက် ကျမ်းပိုဒ်။ "အစ အဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏" (က၊ ၁း၁) ကျမ်းစာ၏ ပထမဦးဆုံးကျမ်းကို ကမ္ဘာဦးကျမ်း ဟုခေါ်ရခြင်းကို သင် သိပါသလား။ ကမ္ဘာဦးသည် အစအဦးဟု အဓိပ္ပါယ် ကိုဆိုသည်။ ကမ္ဘာဦး ကျမ်းသည် အစအဦး တို့၏ အထုပ္ပတ္တိ ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကို စကြဝဠာ၏ အစ၊ ကမ္ဘာမြေကြီး၏ အစ၊ လူသားမျိုးနွယ်၏ အစ ကိုပြောနေပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာဦးကျမ်း စာအုပ်တွင် ဘုရားသခင်၏ အစ နှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို ပြောဆို ထားခြင်းမရှိပါ။ အကြောင်းမှာ ဘုရားသခင်၌ အစ ဆိုသည် မရှိသောကြောင့်ဖြစ် သည်။

***ဘုရားသခင်သည် ထာဝစဉ် တည်ရှိတော်မူခြင်း။*** ဘုရားသခင်သည် အလုံးစုံ သော သူ၏တန်ခိုးဘုန်းတော်နှင့် စကြဝဠာရှိ အရာ တစ်ခုမျှ မဖန်ဆင်းမီကပင် ရှိတော်မူ၏။ အရာတိုင်း၏အစ မတိုင်မီကပင် ဘုရားသခင် တည် ရှိတော် မူ၏။ ဘုရားသခင် မည်သည့်အချိန်မှစ၍ ရှိတော်မူသနည်း။ သူသည် အစဉ် တည်ရှိတော်မူ၏။ သူသည် ဘယ် အချိန်အထိ ဆက်လက် တည်ရှိနေမည်နည်း။ သူသည် အစဉ်အမြဲ တည်ရှိ နေလိမ့်မည်။ (ဆာ၊ ၉၀း၂)

***၁)စကြဝဠာကို ဖန်ဆင်းခြင်း။*** ကျွန်ုပ်တို့သည် စိတ်ကူးယဉ်တမျှဆန်းကြယ်သော စကြဝဠာကြီး၌ နေထိုင်ကြပါသည်။ အကျွန်ုပ်တို့ မြင်နေရသော နေမင်း သည် အလွန်ကြီး၍ ကမ္ဘာမြေကြီး အရွယ်အစားထက် အဆပေါင်း တစ်သန်းရှိသည်။ အာကာသရှိ ကြယ်များသည် လည်း အလွန် ကြီး၍ ကြယ်တစ်လုံးစီ၌ အကျွန်ုပ်တို့၏ နေအစင်းပေါင်း သန်း၅၀၀ သည် အလွယ်တကူ ဝင်ဆန့်နိုင်သည်။ ကြယ် ဘီလူးကြီးဖြစ်သော အင်တာရာ ကြယ်သည် အလွန်ကြီးကြောင်း ပြောနိုင်သည်။ ၎င်းသည် အခေါင်းပွ ဘောလုံးတစ်လုံး ဟု ယူဆရပြီး နေနှင့် ကမ္ဘာကို ကြယ်အတွင်း ထည့်လျက် ကမ္ဘာသည် နေကို မိမိ လမ်းကြောင်းအတိုင်း ပတ်စေလျှင် ကမ္ဘာသည် အင်တာရာ ကြယ်၏ အပြင် အနားစွန်း တစ်ဝက်ကိုပင် ရောက်လာလိမ့်မည်မဟုတ်ပါ။ အာကာသ ကောင်းကင်များ ၏ အချိန်နာရီအလုပ်သည်လည်း အလွန်မှ တိကျမှု ရှိပြီး နေကြတ်ခြင်း၊ လကြတ် ခြင်း သို့မဟုတ် ကြယ်တံခွန်များ လာရောက် မည့် နှစ်များကို ကြိုတင်တွက်ချက်၍ တိကျစွာ ပြောဆိုနိုင်သည်။ တိကျသော သင်္ချာ ဆိုင်ရာ နည်းဖြင့် ပေးထားသော မည်သည့်ကြယ်တလုံး၏တည်နေရာကို အချိန်နာရီ အကွာ အဝေးဖြင့် ကျွန်ုပ်တို့သိရှိနိုင်သည်။ ဤကဲ့သို့ စနစ်တကျရှိခြင်း၊ တိကျမှုရှိနေခြင်းသည် ကြုံကြိုက်ပြီး အမှတ်တမဲ့ ဖြစ်ပျက်လာခြင်း မဟုတ်ပါ။ စကြဝဠာကြီးကို ဘုရားသခင် ဖန်ဆင်းတော်မူ၏။ စကြဝဠာကြီး မည်ကဲ့သို့ တည်ရှိလာသည်ကို အယူအဆ အမျိုးမျိုး တင်ပြကြသော်လည်း၊ ဘုရားသခင်မှတပါး မည်သူမျှ အမှန်မသိကြပါ။ ဘုရားသခင် တပါးတည်းသာလျှင် ဖြစ်ပေါ်လာခြင်းအကြောင်းကို ပြောနိုင်ပါသည်။

ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို သူ၏ နှုတ်ကပတ်တော် အားဖြင့် ဖန်ဆင်းတော်မူ၏။ (ဆာ၊ ၃၃း၆) ဘုရား၏ နှုတ်ကပတ်တော်သည် တန်ခိုးကြီး ကာ ဖန်ဆင်းခြင်းကိုလည်း ဖြစ်စေသည်။(ဆာ၊၃၃း၉) ဘုရားသခင် မြွက်ဆို၍ မိုးကောင်းကင်သည် ဖြစ်လာရ၏။ သူ အမိန့် တော်ရှိသည့်အတိုင်း ထိုအရာတို့သည် သူစီ မံသည့်အတိုင်း လမ်းကြောင်း၌မြဲမြဲလျက် ရှိတော်မူ၏။ ဘုရားသခင်သည် အရာ အားလုံး ကို ဖန်ဆင်း၍ သူ၏ကြီးစွာသော တန်ခိုးဖြင့် လည်း ထိန်းချုပ်ထားတော်မူသည်။ ဤအရာများကို ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းဖြင့် သိသည်။ (ဟေဗြဲ၊ ၁၁း၃)

***၂)မြေကြီးကို ဖန်ဆင်းခြင်း*** ကမ္ဘာမြေကြီးကို မည်သည့်အချိန်၌ ဖန်ဆင်းခဲ့သည်ကို ဘုရား သခင်က မဖော်ပြ ထားသည့်အတွက် မည်သူ တစ်ဦး တစ်ယောက်မျှမသိပါ။ ဘုရားသခင်က "အလင်း ဖြစ်စေ"ဟုဆို၏။ ချက်ခြင်း အလင်း ဖြစ်လေ၏။ ဘုရား သခင်သည် အလင်းနှင့် မှောင်မိုက် ကို ပိုင်းခြားခွဲထားတော်မူ၏။ အလင်းကို နေ့ဟူသောအမည်ဖြင့်၎င်း၊ မှောင်မိုက်ကို ညဥ့်ဟူသော အမည်ဖြင့်၎င်း၊ ခေါ်ဝေါ် သမုတ်တော်မူသည်။ ထို့နောက် မိုဃ်း မျက်နှာကျက် ဖြစ်သော ကောင်းကင်နှင့်မိုဃ်းတိမ်ကို ဖွဲ့ စည်းတော်မူ၏။ မိုဃ်းတိမ်၌ရှိသောရေနှင့် မြေကြီး မျက်နှာပေါ် ရှိသောရေကို ပိုင်းခြား တော်မူ၏။ ဘုရားသခင်သည် ကုန်းနှင့် ရေကိုပိုင်းခြား တော်မူ၏။ ခြောက်သွေ့သောကုန်းကို "မြေ"ဟုခေါ်ပြီး၊ ရေ စုဝေးရာ အရပ်ကို "ပင်လယ်"ဟုခေါ်၏။ ဘုရားသခင်က မြေသည် မြက်ပင်၊နွယ်ပင်နှင့် အသီး သီးသောအပင်များကို ဖြစ်စေ၏။ ဘုရားသခင်သည် မြေကြီးပေါ်၌ နေ့နှင့်ညတွင် အလင်းကို ပေးရန် နေနှင့် လ ကိုပြုလုပ်တော်မူပြီ၊ မတူ ညီသော ရာသီဥတုကိုဖြစ်စေ၏။ ဘုရား သခင် သည် ငါးနှင့်ငှက် များကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်သည် တိရစ္ဆာန် အားလုံးနှင့် တွားတတ်သော မြေကြီး သတ္တဝါများကို ဖန်ဆင်း တော်မူ၏။ နောက်ဆုံး၌ သူသည် လူကို ဖန်ဆင်း တော်မူ၏။ ကျမ်းစာ က"ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကိုကြည့်ရှု လျှင်၊ အလွန် ကောင်းသည်ကိုမြင်တော်မူ၍၊ " ဟုဆိုသည်။(က၊ ၁း၃၁)

***၃) လူကိုဖန်ဆင်းခြင်း*** ဘုရားသခင်၏ အံ့ဘွယ် အကောင်းဆုံးသော ဖန်ဆင်းခြင်းကား လူဖြစ်တော်မူ ၏။ အကြောင်းမှာ ဘုရားသခင်သည် မိမိ၏ပုံသဏ္ဌာန်နှင့်အညီ မိမိကဲ့သို့ လူကို ဖန်ဆင်းခြင်းကြောင့်ဖြစ်၏။ (က၊ ၁း၂၆) ဘုရားသခင်သည် ပထမဦးဆုံးသော လူကို အာဒံဟု အမည်ပေး၏။ ဘုရား သခင်သည် အာဒံအတွက် ဇနီးမိန်းမ တယောက်ကို ဖန်ဆင်းပြီး၊ သူမ၏ နာမည်သည် ဧဝ ဖြစ်၏။ အာဒံနှင့်ဧဝသည် သက်ရှိ အဆင့်နိမ့် သော သတ္တဝါ မှ ဆင့်ကဲ ပြောင်းလဲခြင်းဖြစ်စဉ်မှ ဖြစ်လာခဲ့ခြင်း မဟုတ်ပါ။ သူတို့ကို ဘုရားသခင် ဖန်ဆင်းခြင်းဖြစ်ပြီး၊ ဘုရား၏ပုံသဏ္ဌာန်နှင့်တညီ တည်းဖန်ဆင်းခြင်းခံ ရ၏။ (က၊ ၁း၂၇) ဘုရားသခင်သည် သူ ဖန်ဆင်းသော အရာများ အားလုံး အပေါ် နှစ်သက် တော်မူပြီး၊ "အလွန်ကောင်းတော်မူ၏"ဟုမြွက်ဆိုတော်မူ၏။

***၄) ကိုးကွယ်မှုအလုံးစုံ ခံထိုက်တော်မူသော ဖန်ဆင်းရှင် ဘုရားသခင်*** ဤသင်ခန်းစာရှိ အရေးကြီးသော သစ္စာတရားများကို ကျွန်ုပ်တို့ လေ့လာ ခဲ့ရပြီး၊ အရေးအကြီးဆုံးသော အကြောင်း အရာတခုမှာ၊ ဘုရားသခင်သည် အရာ ခပ်သိမ်းတို့၏ ဖန်ဆင်းရှင် ဖြစ်စေတော်မူ၏။ စကြဝဠာ၊ကမ္ဘာမြေကြီးနှင့် သက်ရှိ သတ္တဝါ အားလုံးတို့သည် သူတို့ အလိုအလျောက်ဖြစ်လာခဲ့ခြင်း မဟုတ်ပါ။ ဘုရား သခင်သည် ထိုအရာများကို ဖန်ဆင်းတော်မူ၏။ (ဟေရှာ၊ ၄၅း၁၂)

အရာခပ်သိမ်း ဘုရားသခင် ဖန်ဆင်းခဲ့၍ ထိုအရာများကို ဘုရားသခင် ပိုင်တော်မူသည်။ အရာ ခပ်သိမ်းကို ပိုင်သော သူ တစ်ဦးသည် ထိုအရာတို့ကို ဖန်ဆင်းသောသူ ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို သူ၏ဘုန်းတော်အဘို့ အလိုငှါ သူ ဖန်ဆင်းတော်မူ၏။ စကြဝဠာ၊ မြေကြီးနှင့် အသက်ရှိသော သတ္တဝါ များကို ဖန်ဆင်းခြင်း၌ ဘုရားသခင်သည် သူ၏ တန်ခိုး၊ သူ၏ဘုန်းနှင့် သူ၏ ဉာဏ်ပညာတို့ကို ထင်ရှားစေတော်မူ၏။ (ဆာ၊ ၁၉း၁) ဘုရားသခင်သည် အရာခပ်သိမ်း တို့ကို ဖန်ဆင်းတော်မူခြင်းကြောင့် သူ တစ်ဦးတည်းနှင့် သူသာလျှင် ကိုး ကွယ်ခြင်း အလုံးစုံကို ခံထိုက်တော်မူသည်။ ကိုးကွယ်ခြင်းဆိုသည်မှာ ဘုရားသခင်ကို ချစ် ခြင်း ရိုသေလေးမြတ်ခြင်းနှင့် နာခံခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့် လူတဦး တစ်ယောက်၊ ကောင်းကင် တမန်၊ သတ္တဝါနှင့် အရာဝတ္ထု တစုံတခုကိုမျှ မကိုးကွယ်သင့်ပါ။ ကျမ်းစာက "...သင်၏ ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထို ဘုရား သခင် ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏" ဟုဆိုသည်။ (မ၊ ၄း၁၀) ဘုရားသခင် သည် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ဘုရားသခင် တပါးတည်းသာလျှင် ကိုးကွယ် ခြင်း ကို ခံထိုက် ပါသည်။ ကျမ်းစာက" အို ထာဝရဘုရား ကိုယ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထို အရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်း လျက်ရှိကြပါ၏။ ထိုကြောင့် ကိုယ်တော်သည် ဘုန်းအသရေ တန်ခိုးတော်ကို ခံစားထိုက်တော်မူ၏ဟု လျှောက်ဆို၍၊ ပလ္လင် တော်ရှေ့၌ မိမိတို့သရဖူများကိုချထားကြ၏။"ဟုဆိုသည်။(ဗျာ၊ ၄း၁၁)

အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အသက်ရှင်တော်မူသော ဘုရားသခင်တစ်ဆူတည်း ရှိတော်မူသည်။ သူ တစ်ပါး တည်းသာလျှင် ကိုးကွယ်မှု အပေါင်းကို ခံထိုက်တော်မူသည်။ ဆုတောင်းခြင်း "ထာဝရဘုရားသခင် ကိုယ်တော်သည် ကောင်းကင်၊ မြေကြီးနှင့် အရာခပ်သိမ်း ရှိသမျှတို့ကို ဖန်ဆင်း တော်မူ၏။ အကျွန်ုပ်သည် ကိုယ် တော်ကိုသာ ကိုးကွယ်ခြင်းနှင့်ရှိသေခြင်းကို ပြုပါမည်။ ကိုယ်တော်သည် မဟာ ဖန်ဆင်းရှင် ဖြစ်တော်မူသည်။ အကျွန်ုပ်၏အထဲ၌ သန့်ရှင်းစင်ကြယ်သော နှလုံးကို ဖန်ဆင်း တော်မူပါ။ ကိုယ်တော်ပိုင်သော ကျိန်းဝပ်ရန်နေရာ အဖြစ် ပြုလုပ်တော်မူပါ။" အာမင်။ ။ ***(အန်ဒရူး)***

---

## ကျွန်တော်နှင့်မြန်တိုင်းဒေသအမှတ်တရ(၃) မင်းအောင်သက်လွင်



(ယခင်လမှအဆက်) ၂၅-၆-၀၈နေ့ မနက်စောစော ၄နာရီမှာ ကပ်သမျင်ရွာရဲ့ အာရုဏ်ဦး ဆုတောင်းစည်းဝေး ရှိတဲ့ အတွက် ကျွန်တော်တို့အဖွဲ့ အိပ်ယာက စောစောထ ကြရပါ တယ်။ မနက်စောစော ၃နာရီခွဲ ကတည်းက အသက်ကြီးပြီး အိပ်လို့ မရတဲ့ သင်းထောက်လူကြီးတွေက လိုက်နှိုးလို့ ကျွန်တော်တို့တွေ မထချင် ထချင်နဲ့ အိပ်ယာ ထခဲ့ရပါတယ်။ ရွာသားတွေကတော့ နိုးနေပြီး ဘုရားရှိခိုးကျောင်း ပေါ်တောင် ရောက်နေကြပါပြီ။ စင်ကာပူက သင်းအုပ်ဆရာက တိုင်းရင်းသား ဘာသာ စကားနဲ့ တရားဟောပါတယ်။ ကျွန်တော်တို့ အဖွဲ့သားတွေ တော်တော် များများက နားမလည်ကြပါဘူး။ ဆရာကလဲ ကျွန်တော်တို့ကို အဓိက ထားပြီး ဟောတာ မဟုတ်ဘဲ၊ မုန်တိုင်းဒဏ် ခံနေရတဲ့ ရွာခံတိုင်းရင်းသားတွေကို အဓိက ခွန်အားပေး ဟောတာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ စုပေါင်းသီချင်း တစ်ပုဒ် ဆိုပါတယ်။ နောက်တော့ ကပ်သမျင် သင်းအုပ်ဆရာနဲ့ ဆရာကတော်

ကပ်သမျှင်ရွာက တဲနာ ဆိုတဲ့ မိန်းမပျိုလေးဟာ အခုဆိုရင် သူတို့ ရွာသားတွေ ကိုယ်စား ကောင်းကင်ဘုံက ကွာယာအဖွဲ့မှာ ကောင်းကင်သီချင်းတွေကို တဲနာသံ နဲ့ ကောင်းကောင်း သီဆိုနေ လောက်ပါပြီ။

တို့က တလှည့်စီ ဝတ်ပြုစည်းဝေးကို ဦးဆောင်ကြပါတယ်။ ကျွန်တော် မမေ့နိုင်တဲ့ သက်သေခံချက်လေးကို ကပ်သမျှင်သင်းအုပ် ဆရာကတော်က ပြောသွားပါတယ်။

((ကျွန်မတို့ အသင်းတော်ဟာ ကွာယာသီချင်း သီဆိုချီးမွမ်းခြင်းကို အရမ်း စိတ်ပါဝင်စားတဲ့အတွက် ကောင်းကောင်း လေ့ကျင့်ထားပါတယ်။ ကွာယာ သီချင်း အပုဒ်တစ်ရာကျော်ကို ကောင်းကောင်း လေ့ကျင့်ထားတဲ့အတွက် အချိန် မရွေး ထဆိုနိုင်ပါတယ်။ ကြိုက်တဲ့ အသင်းတော်နဲ့လဲ ကျွန်မတို့ ကွာယာသီချင်း ပြိုင်ဆိုရဲပါတယ်။ ကျွန်မ ကိုယ်တိုင်လဲ သီချင်းဆိုရတာ အရမ်း ဝါသနာ ပါပါတယ်။ အထူးသဖြင့် ကွာယာသီချင်း အားဖြင့် ဘုရားသခင်ရဲ့ ဂုဏ်တော်ချီးမွမ်းရတာကို အထူးနှစ်သက်ပါတယ်။ ဒါပေမဲ့ ကျွန်မ လွန်ခဲ့တဲ့ နာဂစ်မုန်တိုင်း တိုက်ပြီးတဲ့ နောက်ပိုင်းမှာ ကွာယာ သီချင်း မဆိုဖြစ်ခဲ့တာ တစ်လကျော် ကြာခဲ့ပါတယ်။ ဘုရား သခင်ကို မချီးမွမ်းနိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အသင်းတော်က အားထားရတဲ့ ကွာယာမှာ တဲနာ ဆိုတဲ့ မိန်းမပျိုလေး တစ်ယောက် နာဂစ် မုန်တိုင်းထဲပါသွားပြီး အသက်ဆုံးပါးသွားလို့ပါဘဲ။ ကျွန်မတို့ အသင်းတော်မှာ တဲနာ ဆိုတဲ့ သူက နှစ်ယောက်ဘဲ ရှိပါတယ်။ သူတို့နှစ်ယောက်တည်းနဲ့ တစ်ဖွဲ့လုံး ကို ဖုံးအောင် တဲနာ ကောင်း ကောင်း ဆိုနိုင်ကြပါတယ်။ တစ်ယောက်က အသက် ၇၀ကျော် အဖွားကြီး တစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ အသက် နှစ်ဆယ်ကျော် မိန်းမပျိုလေး ဖြစ်ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် မိန်းမပျိုလေး သေဆုံးသွားခဲ့ပါတယ်။ တစ်ဖွဲ့သားလုံး စိတ်မကောင်းကြလို့ အသင်းတော် အပါတ်







ကပ်သမျှင်ကျေးရွာ အသင်းတော် ကွာယာသံစုံအဖွဲ့၊ ဆေးပေးခန်း၊ ဘုရားကျောင်း

စဉ် ဝတ်ပြုစည်းဝေးမှာ ကွာယာ သီချင်း မဆိုခဲ့ တာလေး ပါတ် (တစ်လ) ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ ဒုက္ခ ရောက်နေတဲ့ ကျွန်မတို့ ရွာသားတွေကို ဟိုး စင်ကာပူ နိုင်ငံကနေ အလုပ်လုပ်နေတဲ့ မြန်မာတိုင်းရင်းသား ခရစ်ယာန်တွေက ကိုယ်တိုင် ကိုယ်ကျ လာရောက်မေတ္တာပြ တတ်နိုင် သလောက် ဆေးကုသ လှူဒါန်း၊ ခွန်အား ပေးကြတာကို မြင်ရ ခံစားရလို့ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကို ချီးမွမ်းချင်တဲ့ အတွက် မုန်တိုင်းပြီးတဲ့ နောက်ပိုင်းမှာ ပထမဦးဆုံးအကြိမ် အဖြစ် ကွာယာ သီချင်းကို သီဆိုပါ့မယ်)) လို့ သက်သေခံသွားပါတယ်။ ဘုရားကျောင်းထဲက ကွာယာ အဖွဲ့သားတွေအားလုံး တန်းစီပြီး ကွာယာသီချင်းတစ်ပုဒ်ကို သီဆိုသွား တာဟာဖြင့် တော်တော့ကို နားထောင်လို့ ကောင်းပါတယ်။ ထူးထူးခြားခြား သတိထားမိတာက တဲနာသံ မပေါ်ဘူး ဆိုတာပါဘဲ။ အခုနက သင်းအုပ် ဆရာ ကတော် သက်သေခံ သွားတဲ့အတိုင်း တဲနာဆိုတဲ့ မိန်းမပျိုလေး မရှိတော့လို့ပေါ့။ ဒါပေမဲ့ ကျွန်တော် သေသေချာချာ ယုံကြည် လိုက်ပါတယ်။ ကပ်သမျှင်ရွာက ကွာယာ အဖွဲ့မှာ တဲနာသံ အားနည်း သွားပေမဲ့ ကောင်းကင်ဘုံ ကွာယာအဖွဲ့မှာ တဲနာ ဆိုမဲ့ သူတစ်ယောက် အင်အား တိုးသွားမှာပါဘဲ။ ကပ်သမျှင်ရွာက တဲနာ ဆိုတဲ့ မိန်းမပျိုလေးဟာ အခုဆိုရင် သူတို့ ရွာသားတွေ ကိုယ်စား ကောင်းကင်ဘုံက ကွာယာအဖွဲ့မှာ ကောင်းကင်သီချင်းတွေကို တဲနာသံ နဲ့ ကောင်းကောင်း သီဆိုနေ လောက်ပါပြီ။ မနက် ၅နာရီခွဲလောက်မှာ အာရုဏ်ဦးဆုတောင်း စည်းဝေးပြီးတော့ ကျွန်တော်တို့အဖွဲ့ နေ မပူခင် အစည်ကြီး၊ အောင်စည်မင်္ဂလာ၊ အစီလေး ရွာကို စက်လှေ နှစ်စီးနဲ့ ထွက်လာခဲ့ပါတယ်။

ပထမနေ့က စက်လှေတစ်စီး မကောင်းတဲ့အတွက် လူစု ကွဲသွားတာကို နမူနာယူပြီး ဒီတစ်ခေါက်မှာတော့ စက်ကောင်းတဲ့ လှေမှာ လူတွေအားလုံး လိုက်ရပြီး စက်သိပ်မကောင်းတဲ့ လှေမှာ ခရီးဆောင်အိတ်တွေ၊ လှူဒါန်းမဲ့ ဆန်၊ ဆီ၊ ကြက် သွန်၊ ခြင်ထောင်၊ အဝတ်အထည်ထုတ်တွေ တင်ဖို့ ခေါင်းဆောင် သင်းအုပ် ဆရာက စီမံခဲ့ပါတယ်။ စက်လှေက ခရစ်ယာန် သာသနာပိုင်ဖြစ်တဲ့အတွက် နေမပူ သေးတဲ့ ဝေလီဝေလင်းမှာ ကျွန်တော်တို့အဖွဲ့က ယောကျ်ားတွေရော မိန်း ကလေး တွေပါ စက်လှေခေါင်မိုးပေါ် တက်စီးပြီး (အခြား စက်လှေများက မိန်းကလေးများကို စက်လှေ ခေါင်မိုးပေါ် တက်ထိုင်ခွင့် မပေးပါ) ပင်လယ်ဝ ဘက်မှာ ရှိတဲ့ အစည်ကြီး၊ အောင်စည်မင်္ဂလာ၊ အစီလေးရွာ ကို ဆေးကုဖို့ ထွက်လာခဲ့ကြပါတယ်။

မနက်စာ ကော်ဖီနဲ့ ထမင်းကြော်ကို စက်လှေပေါ်မှာဘဲ စားကြပါတယ်။ ကပ်သမျှင်ရွာကနေ ၄နာရီနီးပါးလောက် စက်လှေ စီးခဲ့ရပါတယ်။ နေတော်တော်ပူတဲ့အချိန်မှာ အစည်ကြီး အောင်စည်မင်္ဂလာ ရွာကို ရောက်ပါတယ်။ ရွာ မရောက်ခင် ပင်လယ်ဝ ဘက်နီးလာပြီဖြစ်တဲ့အတွက် လှိုင်းလုံးတွေ တော်တော် ကြီးလာပါတယ်။ လူအပြည့်တင်ထားတဲ့ ကျွန်တော်တို့ စက်လှေဟာ လှိုင်းလုံးတွေ ကြားမှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေပါတယ်။ ဘိုကလေးနယ် တစ်ဝိုက်မှာ သဘာဝ ဘေး ဒုက္ခသည်တွေကို လာရောက်ကူညီတဲ့ အဖွဲ့အစည်း တော်တော်များများဟာ အသက်ကယ် အင်္ကျီတွေ ဝတ်ထားကြပေမဲ့ ကျွန်တော်တို့ အဖွဲ့ကတော့ ဘယ်သူမှ အသက်ကယ် အင်္ကျီ ဝတ်မထားကြပါဘူး။ ရေကူးတတ်လို့ မဝတ်တာ မဟုတ်ပါဘူး။ ဝတ်ရ ကောင်းမှန်းလဲ မသိကြပါဘူး။ ဆရာဝန် နှစ်ယောက်နဲ့ ရန်ကုန်က လိုက်လာ တဲ့ သူနာပြု နှစ်ယောက်ကတော့ အသက်ကယ် အင်္ကျီတွေ ယူလာပေမဲ့ ကျွန်တော်တို့ စင်ကာပူက လာတဲ့တစ်ဖွဲ့လုံး ဘယ်သူမှ မဝတ်တဲ့ အတွက် သူတို့လဲ ထုတ် မဝတ်ကြ ပါဘူး။ (ရေနစ်မှာ ကြောက်သလားလို့ အမေးခံရမှာစိုးလို့ ထင်ပါရဲ့) လှိုင်းကို လှေဦးနဲ့ ခွဲပြီး တည်တည့်တိုးသွားနေချိန် တုံးကတော့ လှေက စီးလို့ ကောင်းပေမဲ့ ရွာ ရောက်လို့ ကမ်းကို ကပ်ခါနီးမှာ လှေကို ကွေ့လိုက်တဲ့အတွက် လှိုင်းက လှေနံကို ဘေး ကနေ ဝင်ရိုက်လို့လှေဟာ နစ်လု မတတ် တိမ်းစောင်း ယိမ်းထိုးနေပါတယ်။ ခေါင်းမိုး ပေါ်က လိုက်လာတဲ့ ကျွန်တော်တို့ မျက်လုံးပြူးနေကြပါတယ်၊ ဒေသခံ ဦးလေး ကြီးကလဲ လှိုင်းတော်တော်ကြီး နေတယ်လို့ပြောပါတယ်။

အစည်ကြီး၊ အောင်စည်မင်္ဂလာ ရွာရဲ့ ပင်လယ်ကမ်းနဖူးပေါ်မှာ “သဘာဝ ဘေးဒုက္ခသည်များ စုစည်းနေရာ“ ဆိုတဲ့ ဆိုင်းဘုတ်ကြီး ထောင်ထားပါတယ်။ ရွာထဲ မဝင်ခင် ဆုတောင်းကြပါတယ်။ ရွာအဝင်ဝမှာ ရွာကို ကူးတဲ့ သစ်ပင် တစ်ပင်တည်း လှဲထားတဲ့ သစ်တစ်ပင် တံတားအရောက်မှာ ရန်ကုန်နဲ့ စင်ကာပူက လာတဲ့ ကျွန်တော်တို့ အဖွဲ့တွေ ဒုက္ခရောက်ရပါတယ်။ ခက်ခက်ခဲခဲ ကူးခဲ့ကြရပါတယ်။ တံတားအစပ်မှာ မုန်းတိုင်းကြောင့် သေဆုံးသွားတဲ့ နွားတွေ ကျွဲတွေအစား အစားထိုး လယ်ယာ ထွန်ယက်စိုက်ပျိုး ဖို့ လက်တွန်း လယ်ထွန်စက် တွေကို ရွာသားလူငယ်တွေ တပ်ဆင်ပြီး အစမ်း မောင်းနှင်နေကြ တာကို တွေ့ရပါတယ်။ ရွာအဝင်ဝက ပထမဦးဆုံး တဲရှေ့ ရောက်တဲ့ အခါမှာတော့ ခေါင်းဆောင် သင်းအုပ်ဆရာက ကျွန်တော့်ကို ဒီမှာ ဓါတ်ပုံ တစ်ပုံလောက် လာရိုက်ပါအုံးလို့ လှမ်းခေါ်ပါတယ်။ တဲအိမ်လေးထဲမှာ ကိုယ်ဗလာကျင်း နေတဲ့ သားငယ်ကို ကျောမှာ ပိုးချိပြီး မနက်စာ ငါးဟင်းချက်နေတဲ့ ဆယ်ကျော်သက် အရွယ် သားသည်အမေ မိန်းမငယ်ကို ပြုံးလျှက်သား တွေ့လိုက်ရပါတယ်။ ကျွန်တော့် အတွက်တော့ လိုချင်တဲ့ ဓါတ်ပုံကောင်းကောင်းတစ်ကွက်နဲ့ ကဗျာတစ်ပုဒ် ရေးစပ်ဖို့ စိတ်ကူးရခဲ့ပါတယ်။ အဲဒီ ဓါတ်ပုံနဲ့ ကဗျာကို နာဂစ်ကဗျာ(၂) လို့အမည်လေးပြီး ရေးသား တင်ဆက် လိုက်ပါတယ်။



















ဆေးကုသ ပေးဖို့အတွက် ဘုရားကျောင်းကို ရောက်လာ ချိန်မှာတော့ ကျွန်တော့် ရင်ထဲမှာ ဆို့နင့်သွားပါတယ်။ ဘုရားကျောင်းဟာ ခေါင်းလောင်းစင် ကလွဲရင် အမိုး၊ အကာ အုတ်နံရံတွေအားလုံး ပြိုပျက်ကုန်တဲ့အတွက် အပြည်ပြည် ဆိုင်ရာ ကယ်ဆယ် ရေး အဖွဲ့တစ်ဖွဲ့က သူတို့ရဲ့ အမှတ်တံဆိပ်ပါတဲ့ တာလပါတ် အမိုးတွေနဲ့ ယာယီ ကာထား ပေးတာကိုတွေ့ရပါတယ်။ ဘုရားကျောင်းရှေ့က ယာယီ တဲတစ်လုံးဟာ ဆောက်လက်စနဲ့ အမိုးတောင် ပြီးအောင် မမိုးရသေးပါဘူး။ ကျွန်တော်တို့ အဖွဲ့သား တွေအားလုံး အဲဒီ တဲလေးထဲမှာ ဆေးကုသပေးခဲ့ကြ ပါတယ်။ ခနကြာတော့ ခေါင်းဆောင် သင်းအုပ် နဲ့ ကျွန်တော်တို့ ၅ယောက်ဘဲ ဘုရားကျောင်း အ နောက် ဘက်အခြမ်းမှာ ရှိတဲ့ ဘုန်းတော်ကြီး ကျောင်းကို သွားခဲ့ ကြပါတယ်။ ကျောင်းထိုင်ဘုန်းကြီးနဲ့ တွေ့ဆုံ မိတ်သဟာ ယဖွဲ့ပြီး ဆန် လှူဒါန်းခဲ့ပါ တယ်။ ဘုန်းကြီးကျောင်းက အတွင်းပိုင်း ကျတဲ့ အတွက် အမိုးတွေ အကုန် လန်ထွက် သွားပေမဲ့ အုတ်နံရံအကာ တွေကတော့ ဘာမှ မဖြစ်ခဲ့ ပါဘူး။ မွန်းတည့် အချိန်လောက်မှာ နောက် တစ်ရွာကို သွားဖို့ အချိန် ကျလာ တာမို့ ကျွန်တော်တို့ အဖွဲ့ ဟာ အရင်နေ့တွေကအတိုင်း နှစ်ဖွဲ့ ခွဲလိုက် ကြပါတယ်။ (ရှေ့လဆက်ရန်)

**မင်းအောင်သက်လွင်**

အစည်ကြီး
အောင်မင်္ဂလာ
ကျေးရွာလှေဆိပ်၊
ထွန်စက်နှင့်လူငယ်များ၊
သစ်တစ်ပင်တံတား
ဆေးပေးခန်း၊
ကလေးများ၊
ဘုရားကျောင်း
ဘုန်းတော်ကြီးကျောင်း

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂနနှင့် ငြိစွန်းပါတ် သက်သော စာမူများကို လုံးဝ လက်မခံပါ)

**Min Aung Thet Lwin, 142 A,**
**Changi Road , Singapore 419724**
E-mail; **min_atl @ yahoo.com.sg**
**((** Phone **(65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်